# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ စနေနေ့။ Saturday, 24 December 2022 ၁၀၉၅၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

### MSME လုပ်ငန်းများ၏ ရည်ရွယ်ချက်သည် ပြည်တွင်းစီးပွားရေးအားပေးရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်ပစ္စည်းများကို တိုးမြှင့်တင်ပို့နိုင်ရန်ဖြစ်

# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် သယံဇာတပစ္စည်းများမှ ထုတ်ကုန်ပစ္စည်းများကို ထိရောက်စွာအသုံးချ၍ အကျိုးရှိစွာအသုံးပြုမည်ဆိုပါက မိမိတို့နိုင်ငံ၏ စီးပွားရေးကဏ္ဍမှာ တိုးတက်လာမည်

နေပြည်တော် ဒီဇင်ဘာ ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မင်္ဂလာခန်းမ၌ တွေ့ဆုံသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❑


ယနေ့ ဖတ်စရာ

**ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုအပေါ် မြန်မာနိုင်ငံ၏ ရပ်တည်ချက်များကိုထုတ်ပြန်**


စာမျက်နှာ » ၁၀


**လွတ်လပ်သည့်မြန်မာဟူသော ဂုဏ်ဒြပ်နှင့်အတူ လက်ဆင့်ကမ်းပေးရမည့် အမွေအနှစ်**


စာမျက်နှာ » ၁၁





ကြေးမုံ

# လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတန်ဖိုး

"နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးစွမ်းပကားများကောင်းမွန်ရန် လိုအပ်ကြောင်း၊ နိုင်ငံရေးမောင်းနှင်အားတွင် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ နိုင်ငံအတွင်းရှိ နိုင်ငံရေးအရ စည်းလုံးညီညွတ်မှုများရှိမည်ဆိုပါက နိုင်ငံတိုးတက်မည်ဖြစ်ကြောင်း၊ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာလျှင်လည်း ချမ်းသာကြွယ်ဝမှုရှိမည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးမောင်းနှင်အားကောင်းမွန်သည့်နိုင်ငံများသည် ဩဇာရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးစွမ်းပကားထက်မြက်သည့် နိုင်ငံများသည်လည်း ကမ္ဘာတွင် ဩဇာရှိသည့်နိုင်ငံများဖြစ်ကြကြောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိတို့၏ အချုပ်အခြာအာဏာကို လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့်ရှိကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒီဇင်ဘာလ ၂၁ ရက်နေ့၌ မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်)မှ ဝန်ထမ်းများအား တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေးနှင့်ကာကွယ်ရေးစွမ်းပကားများ ကောင်းမွန်ပါမှ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ခိုင်မာစွာရပ်တည်နိုင်ပြီး လွတ်လပ်ရေး၏ အသီးအပွင့်များကို နိုင်ငံသူနိုင်ငံသားအားလုံး တန်းတူညီမျှ အပြည့်အဝခံစားနိုင်မည်ဖြစ်သည်။ ယင်းသည် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံ၏ တန်ဖိုးဖြစ်သည်။ နိုင်ငံတစ်နိုင်ငံသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်ထားသော်လည်း ယင်းနိုင်ငံ၏ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးခွန်အားနှင့် ကာကွယ်ရေးစွမ်းပကားများကို ကောင်းမွန်စွာ တည်ဆောက်နိုင်ခြင်းမရှိပါက ထိုနိုင်ငံရှိ နိုင်ငံသားများသည် လွတ်လပ်ရေး၏ အသီးအပွင့်များကို အပြည့်အဝခံစားနိုင်ခွင့်ရရှိကြမည်မဟုတ်ပေ။

ထို့ကြောင့် တင်းပြည့်ကျပ်ပြည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတန်ဖိုးများကို နိုင်ငံသူ နိုင်ငံသားအားလုံး ရရှိခံစားနိုင်ရေးအတွက် ရရှိပြီးသောနိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ညီညီညွတ်ညွတ် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပြီး နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးစွမ်းပကားများ ပိုမိုကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အဓိကမှာ ညီညွတ်ရေးဖြစ်ပြီး ညီညီညွတ်ညွတ် ဆောင်ရွက်ကြပါက နိုင်ငံ၏ နိုင်ငံရေးအခြေအနေများ တိုးတက်ကောင်းမွန်ခိုင်မြဲလာပြီး စီးပွားရေးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းကို လေ့လာကြည့်လျှင် လွတ်လပ်ရေးရရှိပြီးနောက် မတူကွဲပြားမှုများ ပေါင်းစည်းနိုင်မှုမရှိသောကြောင့် နိုင်ငံရေးတည်ငြိမ်မှုမရှိဘဲ စီးပွားရေးဘက်တွင်လည်း နောက်ကျကျန်ရစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စိန်ခေါ်မှုများစွာရှိသော်လည်း နိုင်ငံ့ခေါင်းဆောင်များက စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် ကြိုးပမ်းတည်ဆောက်ကြကာ နိုင်ငံ့စီးပွားရေးတိုးတက်လာအောင် ဆောင်ရွက်ခဲ့ကြသည်။ ကမ္ဘာပေါ်ရှိ လွတ်လပ်သောနိုင်ငံတိုင်းသည် နိုင်ငံအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေကြသည်။ မျက်မှောက်ကာလတွင် မြန်မာနိုင်ငံအနေဖြင့်လည်း စိန်ခေါ်မှုများကြား၌ ရပ်တန့်နေ၍မရသဖြင့် နိုင်ငံ့စီးပွားရေး တိုးတက်လာရေးအတွက် မနေမနားကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံ့စီးပွားရေးကောင်းမွန်မှသာလျှင် တိုင်းသူပြည်သားများ၏ အလုပ်အကိုင်ဝင်ငွေများကောင်းမွန်လာမည်ဖြစ်ပြီး နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ စီးပွားရေးမောင်းနှင်အား ကောင်းမွန်လာပါက နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့လည်း ကောင်းမွန်လာမည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကလိုအပ်ချက်သည် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ရန်ဖြစ်သည့်အတွက် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းကို လေ့လာသုံးသပ်ဆောင်ရွက်နိုင်ရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ တည်ငြိမ်မှုမရှိခဲ့သဖြင့် ခေတ်အဆက်ဆက်တွင် စီးပွားရေးအရ ပိတ်ဆို့ခြင်းခံခဲ့ရသဖြင့် ကုန်သွယ်မှုလိုငွေပြခဲ့သည်။ ကုန်သွယ်မှုကျဆင်းခြင်းကြောင့် စီးပွားရေးကျဆင်းမှုဖြစ်ပေါ်လာပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့ရသည့်ဖြစ်စဉ်များကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့်အခြေအနေများအရ နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်ရသည့်အချိန်တွင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့်ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကို အထောက်အကူပြုနိုင်သည့်လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံ၏ တန်ဖိုးသည် နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ကာကွယ်ရေးအရ စွမ်းပကားများ အထူးကောင်းမွန်ရမည်ဖြစ်၍ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးစွမ်းပကားများ အထူးကောင်းမွန်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်( ၅ )ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး"ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal)ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေး။

## သထုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၌ မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေး

သထုံ ဒီဇင်ဘာ ၂၃

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ဌာနအသီးသီးတို့မှ ဝန်ထမ်းများ စာအုပ်စာစောင်များကို အလွယ်တကူငှားရမ်းဖတ်ရှုနိုင်ပြီး အသိပညာ ဗဟုသုတများ တိုးပွားစေရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့မွန်းလွဲပိုင်းတွင် မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းများကို လိုက်လံဆောင်ရွက်ခဲ့ကြသည်။

မိုဘိုင်းစာကြည့်တိုက် ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက သထုံမြို့နယ်အတွင်းရှိ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးတို့သို့ သွားရောက်၍ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား သုတ/ရသ စာအုပ်စာစောင်များကို ငှားရမ်းပေးခြင်း၊ ပြန်လည်အပ်နှံသည့် စာအုပ်များသိမ်းဆည်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။



ခရိုင်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၃- ၁၂-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၇၀၀ | ၇၃၉ | ၆,၄၉၃,၁၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၀၀ | ၆,၉၀၀ | ၂၂,၁၂၀,၂၅၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၀ | ၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၁၀၀ | ၁,၉၀၀,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၄ | ၁၀,၈၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၂၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၂၈.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၀.၅၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၄၅၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၄.၅၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၄၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၆.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၅.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၈၃.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၃.၉၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❑ ရွှေဖုံးမှ

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်ဝန်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ကဏ္ဍအလိုက် လိုအပ်ချက်များအား တင်ပြဆွေးနွေး

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်းက အသင်းချုပ် စတင်တည်ထောင်ခဲ့မှု၊ အသင်းချုပ်အား ဖွဲ့စည်းထားရှိမှု၊ အသင်းချုပ်၏ ညီနောင်အသင်းအဖွဲ့များအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စိစစ်လက်ခံမှု၊ အသင်းချုပ်၏ လည်ပတ်နေမှု၊ အသင်းချုပ်၏ မူဝါဒများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် UMFCCI ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဖြစ်သူ ဦးရဲမင်းအောင်နှင့် တက်ရောက်လာကြသည့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက အသင်းအဖွဲ့အလိုက် ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ ကဏ္ဍအလိုက်မှ ပို့ကုန်များကို ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး နိုင်ငံတကာအသိအမှတ်ပြုခံတော်ခွဲခန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရန်လိုအပ်မှု၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းစနစ်များအသုံးပြုဆောင်ရွက်ရန်လိုအပ်မှု၊ စက်မှုလုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရင်းအနှီး၊ ကျွမ်းကျင်လုပ်သားများ၊ နည်းပညာ စသည်တို့တွင် ကူညီဆောင်ရွက်ပေးစေလိုမှု၊ လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများတင်သွင်းရာတွင် ကုန်ပစ္စည်းအရည်အသွေးပြည့်မီမှု စစ်ဆေးပေးနိုင်ရန်နှင့် ကုန်သွယ်ခွန်ကောက်ခံမှုအား သက်သာသောနှုန်းထားဖြင့် ခွင့်ပြုပေးစေလိုမှု၊ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားနှင့် အတတ်ပညာရှင် လူသားအရင်းအမြစ်များလိုအပ်မှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူမှုတွင် ပုဂ္ဂလိကကဏ္ဍ အားပေးကူညီစေလိုမှုနှင့် လျှပ်စစ်စွမ်းအင်သုံး သယ်ယူပို့ဆောင်ရေးယာဉ်များ နိုင်ငံအတွင်း အသုံးပြုမှု တွင်ကျယ်လာစေရေး ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများအား ဈေးကွက်ရရှိရေး ကုန်စည်ပြပွဲများ တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်မှု၊ ပြည်သူများ အလုပ်အကိုင်ကောင်းမွန်စွာရရှိရေး၊ ပြည်ပပို့ကုန်များ ဈေးကွက်ပိုမိုရရှိရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ရန်လိုအပ်မှု၊ ICT ဆိုင်ရာ သွင်းကုန်ပစ္စည်းများ အခွန်နှုန်းသက်သာစွာဖြင့်ရရှိရေး ကန့်သတ်ချက်များဖြေလျှော့ပေးစေလိုမှု၊ ကျောက်မျက်ရတနာ ရောင်းချပွဲများတွင် နိုင်ငံခြားငွေဖြင့် ရောင်းချသည့် ပြပွဲများအပြင် မြန်မာကျပ်ငွေဖြင့်ရောင်းချသည့် ပြပွဲများကိုလည်း စီစဉ်ဆောင်ရွက်ပေးစေလိုမှု စသည်တို့နှင့်ပတ်သက်၍ လိုအပ်ချက်များ အသီးသီးအကြံပြု ဆွေးနွေးတင်ပြကြသည်။

### ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ထို့နောက် တက်ရောက်လာကြသူများ၏ ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးအောင်နိုင်ဦးတို့က နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမတည်ငွေနှင့် လိုအပ်ချက်များအား တတ်နိုင်သရွေ့ နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ လိုင်စင်များနှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ထုတ်ကုန်လုပ်ငန်းများအတွက် လိုအပ်သည့် နည်းပညာနှင့် အရင်းအနှီးများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိမှု၊ လျှပ်စစ်စွမ်းအင်သုံး သယ်ယူပို့ဆောင်ရေးယာဉ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဝန်ကြီးဌာနများမှလည်း ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှုနှင့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးပြန်လည်ဆွေးနွေးပြောကြားကြသည်။

### စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)သည် ဖွဲ့စည်းတည်ထောင်မှုနှစ်ပေါင်း ၁၀၀ ကျော်ရှိပြီဖြစ်ပြီး အမီအခိုကင်းသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ အစိုးရအဆက်ဆက် အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သကဲ့သို့ မိမိတို့အနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုများရှိမှသာလျှင် ရောင်းဝယ်မှုများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်ပေးရကြောင်း၊ ထုတ်ကုန်များရရှိရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)ကို အခြေခံသည့်လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၅ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှုများကို ဆောင်ရွက်ခြင်းသည် အကျိုးများစွာဖြစ်ထွန်းစေပြီး နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများ၏ ရည်ရွယ်ချက်သည် ပြည်တွင်းစီးပွားရေးအားပေးရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်ပစ္စည်းများကို တိုးမြှင့်တင်ပို့နိုင်ရန်ဖြစ်ကြောင်း၊ ပြည်တွင်းစီးပွားရေးကို အားပေးရန်အတွက် ကုန်ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ဒီမိုကရေစီပထမအစိုးရနှင့် ဒုတိယအစိုးရသက်တမ်းတို့တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုထက် ပြည်ပမှ သွင်းကုန်တင်သွင်းမှုကို ဦးစားပေးခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေများရှိခဲ့ကြောင်း၊ ပြည်တွင်းမှ ထုတ်လုပ်သည့် ထုတ်ကုန်များကို ဦးစားပေး၍ ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးဖြစ်ထွန်းစေကြောင်း၊ ပြည်တွင်း စီးပွားရေးတိုးတက်ရန်အတွက် လူတစ်စု၏ စီးပွားတိုးတက်ရေးထက် လူအများစီးပွားရေးတိုးတက်ရန်လည်းလိုကြောင်း၊ ထို့ကြောင့် အများစုအကျိုးရှိနိုင်သည့် စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ခေတ်အဆက်ဆက်တွင် နိုင်ငံ့စီးပွားရေးတိုးတက်ရေးအတွက် စနစ်အမျိုးမျိုးဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် ဈေးကွက်စီးပွားရေးစနစ်ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းချိန်၌ ဈေးကွက်စီးပွားရေးစနစ် ပိုမိုပီပြင်လာခဲ့ကြောင်း၊ သို့သော် နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကမှမလုပ်နိုင်သည့် အချို့သောစီးပွားရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေရကြောင်း၊ မိမိတို့၏ရည်ရွယ်ချက်မှာ ပုဂ္ဂလိကစီးပွားရေးကို အားပေးလိုခြင်းဖြစ်ကြောင်း၊ သို့သော် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်းကမ်းပိုင်းဆိုင်ရာအရ အစိုးရတစ်ရပ်၏ ထိန်းကျောင်းမှုဖြင့်လည်း ကင်း၍ရနိုင်မည် မဟုတ်သောကြောင့် ယခုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းအနေဖြင့်လည်း နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့နိုင်ငံတွင် ထုတ်ကုန်ပစ္စည်းနည်းပါးမှုကြောင့် ရောင်းဝယ်မှုနည်းပါးခြင်းဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာဖြင့် အရေအတွက်များပြားစွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် သယံဇာတပစ္စည်းများမှ ထုတ်ကုန်ပစ္စည်းများကို ထိရောက်စွာအသုံးချ၍ အကျိုးရှိစွာ အသုံးပြုမည်ဆိုပါက မိမိတို့နိုင်ငံ၏ စီးပွားရေးကဏ္ဍမှာ တိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံတော်မှ ထုတ်ချေးပေးသည့် ချေးငွေနှင့်ပတ်သက်၍ ဖွံ့ဖြိုးရေးအရ ချေးငွေများရှိသကဲ့သို့ စီးပွားရေးအရ ထုတ်ချေးပေးသည့် ချေးငွေများရှိကြောင်း၊ နိုင်ငံတော်မှ တတ်နိုင်သမျှ ရင်းနှီးမြှုပ်နှံငွေများထုတ်ချေးပေးလျက်ရှိကြောင်း၊ နိုင်ငံအတွင်း ငွေကြေးလည်ပတ်သုံးစွဲမှုများ များပြားမှသာလျှင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၄ သို့ »»




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

- ❖ MSME လုပ်ငန်းများ၏ ရည်ရွယ်ချက်သည် ပြည်တွင်းစီးပွားရေးအားပေးရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်ပစ္စည်းများကို တိုးမြှင့်တင်ပို့နိုင်ရန်ဖြစ်
- ❖ ပြည်တွင်းစီးပွားရေးကို အားပေးရန်အတွက် ကုန်ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ဒီမိုကရေစီပထမအစိုးရနှင့် ဒုတိယအစိုးရသက်တမ်းတို့တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုထက် ပြည်ပမှ သွင်းကုန်တင်သွင်းမှုကို ဦးစားပေးခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေများရှိခဲ့
- ❖ ပြည်တွင်းမှ ထုတ်လုပ်သည့် ထုတ်ကုန်များကို ဦးစားပေး၍ ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးဖြစ်ထွန်းစေကြောင်း၊ ပြည်တွင်းစီးပွားရေးတိုးတက်ရန်အတွက် လူတစ်စု၏ စီးပွားတိုးတက်ရေးထက် လူအများစီးပွားရေးတိုးတက်ရန်လည်းလို၊ အများစုအကျိုးရှိနိုင်သည့် စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်

# ခရီးသွားလုပ်ငန်းကို အထောက်အကူပြုနိုင်သည့်ရပ်ရွာများ သန့်ရှင်းသာယာလှပရေးအတွက် အမြဲမပြတ်ဆောင်ရွက်လျက်ရှိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွက်များစွာအကျိုးဖြစ်နိုင်မည်

»»» **စာမျက်နှာ ၃ မှ**

ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် သွင်းအားစုများ လိုအပ်သဖြင့် ရရှိအောင်ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းစီမံကိန်းများအနက် အချို့မှာ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့ရသဖြင့် လျှပ်စစ်ဓာတ်အားလုံလောက်မှုမရှိသေးကြောင်း၊ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် လေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ စပါးခွံလောင်စာသုံး Gastifire ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကိုလည်း လက်တွေ့အသုံးချနိုင်မည်ဆိုပါက အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဓာတ်မြေဩဇာနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဓာတ်မြေဩဇာစက်ရုံများရှိပြီး အဆိုပါ စက်ရုံများလည်ပတ်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျမွေးမြူပြီး ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို ဇီဝမြေဩဇာများအဖြစ် အသုံးချနိုင်ကြောင်း၊ အလားတူ အီးအမ်ဘိုကာချီ ကဲ့သို့သော သဘာဝမြေဩဇာများကိုလည်း အသုံးပြုဆောင်ရွက်၍ရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း လေးရပ်စလုံးပြည့်စုံကောင်းမွန်နေရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ကြိုးပမ်းဆောင်ရွက်ပေးမည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ထို့ပြင် မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခွင့်ပြုပေးထားသည့် မြေနေရာများတွင် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်ဆောင်ရွက်ပြီး အကျိုးရှိစွာအသုံးချကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန်ပစ္စည်းများဖြင့် လူသုံးကုန်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် နိုင်ငံအတွက်များစွာ အကျိုးရှိမည်ဖြစ်ကြောင်း၊ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင်ထုတ်လုပ်ပြီး ၎င်းထက်ပိုမိုထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပနိုင်ငံများသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း။

**လူသားအရင်းအမြစ်ကောင်းများ ရရှိရေး**

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပြည်သူများပညာရည် မြင့်မားရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာ ပညာရပ်များအလိုက် ကျွမ်းကျင်ပညာရှင်များမွေးထုတ်ပေးနိုင်ရေး ဘာသာရပ်များအလိုက်သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ ပုဂ္ဂလိကအနေဖြင့်လည်း ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးမည်ဆိုပါက နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေးအတွက်ရင်းနှီးမြှုပ်နှံမှုသည် များစွာကြီးမားပြီး နိုင်ငံအတွက် အကျိုးများစွာဖြစ်ထွန်းနိုင်သည့် ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်ကြောင်း၊ ဘာသာရပ်အလိုက် ပညာရပ်များကို အမှန်တကယ်ကျွမ်းကျင်ပိုင်နိုင်သည်အထိ သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း။

- ❖ **လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ပြည်သူများပညာရည် မြင့်မားရေး ဆောင်ရွက်ပေးလျက်ရှိ**
- ❖ **သက်ဆိုင်ရာ ပညာရပ်များအလိုက် ကျွမ်းကျင်ပညာရှင်များမွေးထုတ်ပေးနိုင်ရေး ဘာသာရပ်များအလိုက် သင်တန်းကျောင်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ ပုဂ္ဂလိကအနေဖြင့်လည်း ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးမည်ဆိုပါက နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်သွားမည်**
- ❖ **ပညာရေးအတွက်ရင်းနှီးမြှုပ်နှံမှုသည် များစွာကြီးမားပြီး နိုင်ငံအတွက် အကျိုးများစွာဖြစ်ထွန်းနိုင်သည့် ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်၊ ဘာသာရပ်အလိုက် ပညာရပ်များကို အမှန်တကယ်ကျွမ်းကျင်ပိုင်နိုင်သည်အထိ သင်ကြားလေ့ကျင့်ပေးရန်လို**

**သယံဇာတများကို အကျိုးရှိရှိ ထုတ်ယူသုံးစွဲ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားပေးဆောင်ရွက်**

မိမိတို့နိုင်ငံတွင် စက္ကူလိုအပ်ချက်များစွာရှိပြီး သစ်နှင့်ဝါး သယံဇာတများကို စနစ်တကျထုတ်ယူအသုံးပြု၍ ၎င်းတို့မှ စက္ကူပျော့ဖတ်များ ထုတ်လုပ်၍ရကြောင်း၊ ပြည်တွင်း၌ စက္ကူပျော့ဖတ်နှင့် စက္ကူထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်တွင်းမှ ထွက်ရှိသည့် ရော်ဘာများဖြင့် လူသုံးကုန်ပစ္စည်းများကိုထုတ်လုပ်ရန်လိုကြောင်း၊ အလားတူ ချည်နှင့် ချည်ထည်များကို နှစ်စဉ်ပြည်ပမှ တင်သွင်းနေရမှုများ ရှိသဖြင့် ပြည်တွင်း ဝါစိုက်ပျိုး ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အထည်ချုပ်လုပ်ငန်းများနှင့်ပတ်သက်၍ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ အထည်ချုပ်လုပ်ငန်းသည် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ကြောင်း၊ လုပ်သားများ၏ လစာငွေများနှင့် ရပိုင်ခွင့်များကိုလည်း မှန်မှန်ကန်ကန် ရရှိအောင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်သားများကျွမ်းကျင်မှုရှိစေရေးနှင့် စက်ပစ္စည်းများ တိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ထုတ်ကုန်ပစ္စည်းများ အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်လာပြီး ဝယ်လိုအားမြင့်တက်လာမည်ဖြစ်ကြောင်း။

ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် သံမဏိများထုတ်လုပ်နိုင်ရန်အတွက် ကုန်ကြမ်းပစ္စည်းများရှိပြီးဖြစ်ကြောင်း၊ ပြည်တွင်း၌ သံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက မည်သည့်တိုင်းရင်းသားလုပ်ငန်းရှင်များကိုမဆို အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လူသုံးကုန် ပစ္စည်းများကို ပြည်ပမှအများဆုံးမှာယူသုံးစွဲနေရသဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများ များပြားလျက်ရှိကြောင်း၊ ထို့ကြောင့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ထုတ်လုပ်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချမည်ဆိုပါက တိုင်းပြည်အတွက် များစွာအကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း။

ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ မိမိတို့စတင်တာဝန်ယူချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် ဘဏ်လုပ်ငန်းများ ရပ်တန့်ခဲ့ရကြောင်း၊ သို့သော် ယခုအခါ ဘဏ်လုပ်ငန်းများ ပြန်လည်လည်ပတ်လာပြီဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းဆောင်ရွက်သူများအနေဖြင့်လည်း လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် စနစ်တကျဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံအတွက် ဘဏ်လုပ်ငန်းသည် အရေးကြီးသဖြင့် ဘဏ်များပြိုလဲမှုမရှိစေရေး နိုင်ငံတော်မှထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းကိုအထောက်အကူပြုနိုင်သည့် ရပ်ရွာများ သန့်ရှင်းသာယာလှပရေးအတွက် အမြဲမပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွက်များစွာအကျိုးဖြစ်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ဆေးဝါးလိုအပ်မှုများရှိသဖြင့် အချို့သော ဆေးဝါးများမှလွဲ၍ ထုတ်လုပ်နိုင်သည့် ဆေးဝါးများကိုလိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အလားတူ မိမိတို့နိုင်ငံမှ ပြည်ပနိုင်ငံများသို့ သွားရောက်၍ကျန်းမာရေးစောင့်ရှောက်မှုခံယူသူများ များပြားလျက်ရှိကြောင်း၊ ပြည်တွင်း၌ပုဂ္ဂလိက ဆေးရုံလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ပြည်သူများအတွက် များစွာအထောက်အကူပြုမည်ဖြစ်၍ ဆောင်ရွက်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံစီးပွားတိုးတက်ရေးအတွက် ယခုတက်ရောက်လာကြသည့် အဖွဲ့အစည်းမှ အများဆုံးဆောင်ရွက်နေခြင်းဖြစ်သဖြင့် နိုင်ငံရေးကင်းရှင်းစွာဖြင့် နိုင်ငံ့အကျိုးကိုကြည့်၍ အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား လှေလှော်ပြိုင်ပွဲကျင်းပ

**မုဒုံ ဒီဇင်ဘာ ၂၃**

အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ဂုဏ်၊ တစ်မျိုးသားလုံး၏ သိက္ခာဖြစ်ပြီး နိုင်ငံတော်အနေဖြင့် အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာရေးကို အသွင်သဏ္ဌာန်အမျိုးမျိုး စီမံဆောင်ရွက်အကောင်အထည်ဖော်လျက် ရှိကြောင်း ယနေ့နံနက် ၇ နာရီက မုဒုံမြို့နယ် မြို့မ (၄)ရပ်ကွက်ရှိ ကန်ကြီးမင်္ဂလာကန်တော်၌ ကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ် ၁၀ မြို့နယ် လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက ပြောကြားသည်။

**လှေလှော်အသင်း ၁၀ သင်း ပါဝင်**

ဆက်လက်၍ မွန်ပြည်နယ်ဝန်ကြီးချုပ်က (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို မြို့နယ် ၁၀ မြို့နယ် လှေလှော်ပြိုင်ပွဲကို (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုရန်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်၊ လှေလှော်အားကစားနည်းကို ပြည်သူများ ပိုမိုစိတ်ဝင်စားလာစေရန်၊ ရိုးရာအားကစားကို တန်ဖိုးထားမြတ်နိုးတတ်စေရန်၊ ထူးချွန်ပြီး အရည်အချင်းပြည့်ဝသည့် လှေလှော်အားကစားသမားများ မွေးထုတ်ပေးနိုင်ရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ မြို့နယ် ၁၀ မြို့နယ်လုံးမှ လှေလှော်အသင်း ၁၀ သင်းတို့က အားတက်သရော စိတ်အားထက်သန်စွာ ဝင်ရောက်ယှဉ်ပြိုင်ကြသည့်အတွက် များစွာအားရဝမ်းသာမိကြောင်းနှင့် လှေလှော်အားကစားသမားများအနေဖြင့်လည်း မိမိတို့၏ မြို့နယ်ဂုဏ်မြှင့်တင်နိုင်အောင် အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်သွားကြရန် ပြောကြားသည်။



ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ကျိုက်မရော မြို့နယ် လှေလှော်အသင်းနှင့် သံဖြူဇရပ်မြို့နယ် လှေလှော်အသင်းတို့ ယှဉ်ပြိုင်လှော်ခတ်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားတွင် ခရစ္စမတ်နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## ဘာသာတရားများ၏ ညွှန်ပြမှုအဆုံးအမများကို လိုက်နာကျင့်သုံး၊ ကျင့်ကြံကြမည်ဆိုပါက ငြိမ်းချမ်းသာယာသည့် လူ့အသိုက်အဝန်း၊ ငြိမ်းချမ်းသာယာဝပြောသည့် နိုင်ငံအဖြစ်တည်ရှိနေမည်မှာ ဧကန်မလွဲဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကက်သလစ်ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် မြန်မာနိုင်ငံခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့က စုပေါင်းကျင်းပပြုလုပ်သည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ Holy Cathedral Church ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

### တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်၊ မြန်မာနိုင်ငံခရစ်ယာန်ကောင်စီမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ကက်သလစ်သာသနာမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာဝင်များ၊ ကက်သလစ်လူငယ်အဖွဲ့များနှင့် ခရစ်ယာန်ဘာသာဝင် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးနှင့် သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်းတို့အား ခရစ္စမတ် အထိမ်းအမှတ်လက်ဆောင် ပေးအပ်စဉ်။

❖ **ခရစ္စမတ်ပွဲတော် ဝတ်ပြုကိုးကွယ်မှုဆောင်ရွက်ခြင်း၏ အနှစ်သာရသည် လူသားမျိုးနွယ်များအပေါ် ဘုရားရှင်၏ ကြီးမားလှသည့် မေတ္တာတရားများ၊ ချစ်ခြင်းတရားများ၊ ကရုဏာတရားများကို မျှဝေပေးခြင်း၊ ပြသပေးခြင်းဖြစ်**

❖ **တစ်ဦးအပေါ်တစ်ဦး မေတ္တာတရား၊ ချစ်ခြင်းတရားများဖြင့် ခရစ္စမတ်၏ အနှစ်သာရကို လူသားအားလုံးက တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ငြိမ်းချမ်းသာယာဝပြောသည့် လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းမှသည် အေးချမ်းသာယာသည့် ကမ္ဘာကြီးအဖြစ် ရောက်ရှိလာနိုင်မည်ဖြစ်**

### ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Holy Cathedral Church သို့ ရောက်ရှိကြရာ ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုနှင့် သင်းအုပ်ဆရာကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် အခမ်းအနားကို စတင်ကျင်းပပြီး သိက္ခာတော်ရဆရာ စောစံအောင် (MCMC) က ခရစ္စမတ်ဆုတောင်းပြီး **"ယေရှုကြွလာတော်ကျူး"** ဓမ္မသီချင်းကို သံပြိုင်သီဆိုချီးမွမ်းကြသည်။ ထို့နောက် သိက္ခာတော်ရဆရာ စောစမ်စန်(MBC)က ခရစ်ယာန်အဖွဲ့ချုပ်ကြီးကိုယ်စား ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခရစ္စမတ် နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ခရစ်ယာန်ဘာသာဝင်များအနေဖြင့် ခရစ္စမတ်ပွဲတော်ဝတ်ပြုကိုးကွယ်မှုအစီအစဉ်များကို နှစ်စဉ် ဒီဇင်ဘာလတွင် ကျင်းပကြလေ့ရှိပါကြောင်း၊ အထူးသဖြင့် နှစ်စဉ် ဒီဇင်ဘာလ ၂၅ ရက်ကို ခရစ္စမတ်နေ့အဖြစ် သတ်မှတ်ပြီး ကျင်းပလာခြင်းဖြစ်သည့်အတွက် ခရစ်ယာန်ဘာသာဝင်များ၏ ထူးကဲကြီးမြတ်သည့် နေ့ထူးနေ့မြတ်ဖြစ်ကြောင်းကိုလည်း ဂုဏ်ပြုပြောကြားလိုပါကြောင်း၊ ယခုကဲ့သို့ ခရစ္စမတ်ပွဲတော် နေ့ထူးနေ့မြတ် အခါသမယတွင် ခရစ်ယာန် ဘာသာဝင်များနှင့်အတူ ပါဝင်ဆင်နွှဲရသည့်အတွက် များစွာဂုဏ်ယူပါကြောင်းနှင့် ခရစ်ယာန်ဘာသာဝင်များအားလုံးနှင့်တကွ မြန်မာနိုင်ငံသူ နိုင်ငံသားများအပါအဝင် ကမ္ဘာသူ၊ ကမ္ဘာသားများအားလုံး ခရစ်တော်၏ မေတ္တာတရားနှင့် ငြိမ်းချမ်းသာယာရှိကြပါစေဟု ထပ်လောင်းဆန္ဒပြုမေတ္တာ ပို့သအပ်ပါကြောင်း။

### အေးချမ်းသာယာသည့် ကမ္ဘာကြီးအဖြစ်

ခရစ္စမတ်ပွဲတော် ဝတ်ပြုကိုးကွယ်မှုဆောင်ရွက်ခြင်း၏ အနှစ်သာရသည် လူသားမျိုးနွယ်များအပေါ် ဘုရားရှင်၏ ကြီးမားလှသည့် မေတ္တာတရားများ၊ ချစ်ခြင်းတရားများ၊ ကရုဏာတရားများကို မျှဝေပေးခြင်း၊ ပြသပေးခြင်းဖြစ်ပါကြောင်း၊ တစ်ဦးအပေါ်တစ်ဦး မေတ္တာတရား၊ ချစ်ခြင်းတရားများဖြင့် ခရစ္စမတ်၏ အနှစ်သာရကို လူသားအားလုံးက တည်ဆောက်ကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ ငြိမ်းချမ်းသာယာဝပြောသည့် လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းမှသည် အေးချမ်းသာယာသည့် ကမ္ဘာကြီးအဖြစ် ရောက်ရှိလာနိုင်မည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၆ သို့ ◆**

◆ စာမျက်နှာ ၅ မှ

ကမ္ဘာပေါ်တွင် ကိုးကွယ်မှုဘာသာများစွာရှိပြီး အဓိကဘာသာကြီး လေးခုအဖြစ် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာတို့ကို သတ်မှတ်ထားကြပါကြောင်း၊ မည်သည့်ဘာသာကို ကိုးကွယ်သည်ဖြစ်စေ ဘာသာတိုင်းသည် လူသားများအတွက် လောကီအကျိုး၊ လောကုတ္တရာကောင်းကျိုး၊ ငြိမ်းချမ်းမှု၊ မေတ္တာတရား၊ ချစ်ခြင်းတရား၊ ကရုဏာတရားများကိုသာ ညွှန်ပြပေးနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဘာသာတရားများ၏ ညွှန်ပြမှုအဆုံးအမများကို လိုက်နာကျင့်သုံး၊ ကျင့်ကြံကြမည်ဆိုပါက ငြိမ်းချမ်းသာယာသည့် လူ့အသိုက်အဝန်း၊ ငြိမ်းချမ်းသာယာဝပြောသည့် နိုင်ငံအဖြစ်တည်ရှိနေမည်မှာ ဧကန်မလွဲဖြစ်ပါကြောင်း။

**လွတ်လပ်စွာကိုးကွယ်ခွင့်ပြု**

မြန်မာနိုင်ငံတွင်ဘာသာကြီး လေးခုအပြင် အခြားသောဘာသာများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွတ်လပ်စွာကိုးကွယ်ခွင့်ပြုထားပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အသိအမှတ်ပြုထားသည့် ဘာသာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်လျက်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခြေခံမူများ ပုဒ်မ ၃၄ တွင် "ငြိမ်ဝပ်ပိပြားရေးနှင့်သော် လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့် သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော် လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာ သာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ဆောင်ရွက်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိစေရမည်" ဟု ပြဋ္ဌာန်းထားပါကြောင်း။

**အတူတကွ နေထိုင်ခဲ့ကြ**

မြန်မာနိုင်ငံတွင် အများဆုံးကိုးကွယ်မှုရှိနေသည့် ဗုဒ္ဓဘာသာနှင့်အတူ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် အခြားသော ဘာသာဝင်များသည် ရှေးနှစ်ပေါင်း ပဝေသဏီကတည်းကပင် အတူတကွ နေထိုင်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ မည်သည့်ဘာသာကိုမျှ ထိခိုက်နစ်နာစေခြင်း၊ ခွဲခြားဆက်ဆံခြင်းမရှိဘဲ လူမျိုးမရွေး၊ ဘာသာမရွေး အပြန်အလှန် လေးလေးစားစား ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် နိုင်ငံတော်၏ ကောင်းကျိုးများကို ညီအစ်ကိုမောင်နှမရင်း စိတ်ထားနှင့် တည်ဆောက်ခဲ့ကြပါကြောင်း၊ ဆက်လက်ပြီး တည်ဆောက်ကြရန် လိုအပ်သကဲ့သို့ ဘာသာရေးကို အလွဲသုံးစားပြုပြီး မိမိတို့နိုင်ငံသားများ အချင်းချင်း၏အကြားတွင် စည်းလုံးညီညွတ်မှုပျက်ပြားအောင်၊ ပြိုကွဲအောင် လုပ်ဆောင်နေမှုများကိုလည်း အစဉ်သတိပြုကာကွယ်ကြရန် လိုအပ်သည်ကိုလည်း ပြောကြားလိုပါကြောင်း။

ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး အနည်းငယ် ပြောကြားလိုပါကြောင်း၊ ဘာသာတရားတိုင်းသည် ငြိမ်းချမ်းမှုကို အခြေပြုထားသဖြင့် လူ့အဖွဲ့အစည်းတိုင်းတွင်လည်း ငြိမ်းချမ်းမှုလိုအပ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးတံခါးများ အမြဲဖွင့်လှစ်ထားသကဲ့သို့ တပ်မတော်အနေဖြင့်လည်း ငြိမ်းချမ်းရေးအတွက် အမြဲအသင့်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအရ နိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်သည့် အစိုးရတိုင်းသည် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း။

မိမိတို့အစိုးရလက်ထက်တွင်လည်း ငြိမ်းချမ်းရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ ကြွရောက်လာကြသည့် ခရစ်ယာန်ဘာသာ ဂိုဏ်းပေါင်းစုံအသီးသီးမှ ဆရာတော်ကြီးများနှင့် ဘာသာပေါင်းစုံမှ အကြီးအကဲများအနေဖြင့်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိနိုင်ရေးအတွက် မိမိတို့တတ်နိုင်သည့်ဘက်မှ တတ်နိုင်သမျှ နည်းလမ်းများနှင့် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ပေးကြပါရန် ပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံအတွက် အမျိုးသားရေးမျှော်မှန်းချက် နှစ်ရပ်မှာ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာ ဖူလုံပေါများရေးတို့ ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းဆောင်ရွက်**

ဘာသာ သာသနာ၏ အဓိကအဆုံးအမမှာ "သာယာဝပြောခြင်း" ဖြစ်သည့်အတွက် တိုင်းပြည်သာယာဝပြောရေးအတွက် မိမိဆန္ဒပြုသည့် ငြိမ်းချမ်းရေးနှင့်အတူ လူသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ထပ်မံတိုက်တွန်းလိုပါကြောင်း၊ စည်းကမ်းတကျ နေထိုင်လုပ်ကိုင်ခြင်းသည် သာယာဝပြောမှုကို ရစေမည်ဖြစ်ပါကြောင်း၊ စားရေရိက္ခာဖူလုံပေါများခြင်းသည်လည်း တိုင်းပြည်သာယာဝပြောခြင်းကို တိုက်ရိုက်အထောက်ကူပြုပါကြောင်း၊ ထို့ကြောင့် နိုင်ငံအဝှမ်းရှိ ရဟန်းရှင်လူအားလုံး ကိုယ်စီ ထိန်းသိမ်းကြိုးစားလုပ်ဆောင်သွားကြရန်လိုပါကြောင်း။

၂၀၂၂ ခုနှစ်အတွက် ကျင်းပသည့် ခရစ္စမတ် နေ့ထူးနေ့မြတ်အခါသမယမှစ၍ မြန်မာနိုင်ငံ၌ အဓိကလိုအပ်နေသည့် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေးတို့ အမြန်ရောက်ရှိနိုင်ရေးနှင့် ဘာသာတရားအားလုံး ငြိမ်းချမ်းစွာ အတူလက်တွဲ နေထိုင်ရေးဆိုသည့် ကောင်းမြတ်သော အခွင့်အရေးများကို နိုင်ငံသားများအားလုံး ရရှိနိုင်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုပါကြောင်း။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကျော်ကာလက ခရစ်တော်မွေးဖွားသည့် ညအခါသမယတွင် ကောင်းကင်တမန်များက သိုးထိန်းနေသည့် သိုးထိန်းများကို ကိုယ်ထင်ရှားပြပြီး "ရှင်လုကာ အခန်းကြီး ၂ အခန်းငယ် ၁၄" တွင် ဖော်ပြထားသည့် "Peace on Earth and Good will toward men" "မြေကြီးပေါ်တွင်လည်း ငြိမ်သက်ခြင်းရှိစေသတည်း၊ လူတို့အား မေတ္တာကရုဏာရှိစေသတည်း"ဟု ပြောကြားချက်အတိုင်း ယနေ့ ဝတ်ပြုကိုးကွယ်မှုအစီအစဉ်ကို ဦးဆောင်ကျင်းပသည့် မြန်မာနိုင်ငံ ခရစ်ယာန်ကောင်စီ အပါအဝင် ခရစ်ယာန်ဘာသာဂိုဏ်းပေါင်းစုံမှ ဆရာတော်ကြီးများနှင့် ဆရာတော်များ၊ ပြည်ထောင်စုအဆင့် ဌာနဆိုင်ရာလူကြီးမင်းများ၊ တပ်မတော်အရာရှိကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှ လူကြီးမင်းများ၊ အထူးဧည့်သည်တော်များနှင့် နိုင်ငံသူ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မေတ္တာတရားပွားများနိုင်ကြပါစေ၊ ပျော်ရွှင်ခြင်း၊ ရွှင်လန်းခြင်း၊ ငြိမ်သက်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ဝမ်းမြောက်ခြင်းနှင့်အတူ ခရစ္စမတ်၏ ကောင်းခြင်းမင်္ဂလာ အဖြာဖြာ ခံစားနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

**ဖတ်ကြား**

ယင်းနောက် Sr. Daisy(CBCM) က သမ္မာကျမ်းစာကို လည်းကောင်း၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးမြတ်ဆန်းက အပြန်အလှန်ဖတ်ကြားခြင်းကို လည်းကောင်း၊ သာသနာပိုင်ချုပ်ကြီး စတီဗင် သန်းမြင့်ဦးက ခရစ္စမတ်ဒေသနာတော်ကို လည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် သိက္ခာတော်ရဆရာဒေါက်တာမျိုးဝင်းနှင့် သိက္ခာတော်ရဆရာဒေါက်တာအေးမင်းတို့က ကျေးဇူးတင်စကားနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အထူးဆုတောင်းခြင်းတို့ကို ဆောင်ရွက်ကြပြီး **"တိတ်ဆိတ်ည သန့်ရှင်းညကျူး"** ဓမ္မသီချင်းကို သံပြိုင်သီဆိုချီးမွမ်းကြသည်။

ယင်းနောက် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ခရစ္စမတ်သတင်းကောင်းနှင့် ဆုမွန်စကားမျှဝေပြောကြားရာတွင် မင်္ဂလာရှိသော ခရစ္စမတ် အခါသမယတွင် ခရစ်ယာန်ဘာသာဝင်များသာမက ကမ္ဘာပေါ်ရှိ လူသားအားလုံး ခရစ္စမတ်၏ ကောင်းခြင်းမင်္ဂလာတို့ဖြင့် ပြည့်စုံပါစေကြောင်း၊ မြန်မာ ပြည်သူပြည်သားအားလုံး စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိကြပြီး ခန္ဓာစိတ်ဝမ်း ငြိမ်းချမ်းကြပါစေကြောင်း၊ ဘာသာရေး၊ စီးပွားရေး၊ လူမှုရေးမှအစ အလုံးစုံတို့တွင် အဆင်ပြေ ချောမွေ့ကြပါစေကြောင်း၊ ငြိမ်းချမ်းသာယာဝပြောပြီး ဝမ်းမြောက်ခြင်းများနှင့် ပြည့်ဝနိုင်ကြပါစေကြောင်း ခရစ္စမတ် ဆုတောင်းပေးသည်။

ယင်းနောက် ခရစ္စမတ်အခါသမယ မိတ်သဟာယ ညစာစားပွဲဖြစ်မြောက်ရေးနှင့် ပါဝင်ပေးခဲ့သူများအားလုံးအတွက် ကျေးဇူးတော် ချီးမွမ်းခြင်းဆောင်ရွက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ သာသနာပိုင်ချုပ်ကြီး စတီဗင် သန်းမြင့်ဦးနှင့် သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်းတို့က ခရစ္စမတ် အမှတ်တရမေတ္တာလက်ဆောင် ပန်းချီကားကို ပေးအပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်နှင့် အလှူငွေများ ပြန်လည်ပေးအပ်သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များ ကောင်စီ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကက်သလစ်ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့က တည်ခင်းဧည့်ခံသည့် မိတ်သဟာယ ညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကက်သလစ်ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့က မိတ်သဟာယ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။



ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို က ခရစ္စမတ် သတင်းကောင်းနှင့် ဆုမွန်စကား မျှဝေပြောကြားစဉ်။

❖ **မြန်မာနိုင်ငံတွင် အများဆုံးကိုးကွယ်မှုရှိနေသည့် ဗုဒ္ဓဘာသာနှင့်အတူ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် အခြားသော ဘာသာဝင်များသည် ရှေးနှစ်ပေါင်း ပဝေသဏီကတည်းကပင် အတူတကွ နေထိုင်ခဲ့ကြခြင်းဖြစ်**

❖ **မည်သည့်ဘာသာကိုမျှ ထိခိုက်နစ်နာစေခြင်း၊ ခွဲခြားဆက်ဆံခြင်းမရှိဘဲ လူမျိုးမရွေး၊ ဘာသာမရွေး အပြန်အလှန် လေးလေးစားစား ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် နိုင်ငံတော်၏ ကောင်းကျိုးများကို ညီအစ်ကိုမောင်နှမရင်း စိတ်ထားနှင့် တည်ဆောက်ခဲ့ကြ**

**"အတိတ်သမိုင်းမှ တွေ့ကြုံခဲ့ရသည့် ဖြစ်စဉ်များအပေါ် လက်တွေ့ကျသော အမြင်များထားရှိပြီး နားလည်မှု၊ ယုံကြည်မှုကိုယ်စီဖြင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော်သွားကြရမည်မှာ ကျွန်ုပ်တို့အားလုံး၏ သမိုင်းပေးတာဝန်ပင် ဖြစ်ပါသည်။"**

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၁၂-၂-၂၀၂၁ ရက်နေ့တွင် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်]



ပုဂံရှုခင်းအလှ
ဓာတ်ပုံ - ဦးနေလင်း (မြန်/ဆက်)

☆ ကျောဖုံးမှ

အဆိုပါ သီဆိုဖျော်ဖြေပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရုံး/ဌာန အသီးသီးမှ အရာရှိ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ မြန်မာပြည်သိန်းတန်နှင့်အဖွဲ့က ရတနာပုံ၊ အောင်စေ-တည်စေ-ညီစေ၊ ယောသူတို့ရွာ၊ မဇေဒါ၊ စနေထောင့်မှာပန်းလျှုမယ်၊ မြစ်ဆုံသို့လွမ်းစိတ်မပြေ၊ ရွှေသုန္ဒရီ၊ သောကတောင်တန်း၊ ချစ်သူချင်းမို့ သိနားလည်၊ ကောင်းသောည စသည့် တေးသီချင်းများဖြင့်သီဆို၍ တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တက်ရောက်လာကြသူများက ပျော်ရွှင်ကြည်နူးစွာ ကြည့်ရှုအားပေးကြသည်။

သီဆိုဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့က မြန်မာပြည်သိန်းတန်နှင့်အဖွဲ့အား ဂုဏ်ပြုပန်းခြင်းနှင့် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၃၀၀ ကိုပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ယခုသီဆိုဖျော်ဖြေတင်ဆက်မှုသည် မြန်မာနိုင်ငံအနှံ့အပြားရှိ မိဘမဲ့ကလေးများ (ရင်ခွင်မဲ့ကလေးများ)အား ထောက်ပံ့ကူညီဆောင်ရွက်နိုင်ရေးအတွက် တေးသံရှင်မြန်မာပြည်သိန်းတန်နှင့်အဖွဲ့က သီဆိုဖျော်ဖြေတင်ဆက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က မြန်မာပြည်သိန်းတန်နှင့်အဖွဲ့အား တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကလှူဒါန်းသည့် အလှူငွေကျပ်သိန်း ၃၀၀ ကို ပေးအပ်စဉ်။



## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သရက်ခရိုင်ခန်းမသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**သရက် ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သရက်ခရိုင်ခန်းမသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါခန်းမသစ်ရှေ့၌ ကျင်းပခဲ့သည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့်လည်း တိုင်းဒေသကြီးအတွင်း မြို့နယ်များအားလုံးရှိ ပြည်သူများ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ သရက်ခရိုင်ခန်းမကြီး ရေရှည်တည်တံ့ခိုင်မြဲပြီး သန့်ရှင်းသာယာလှပစေရေးအတွက် မြို့မိမြို့ဖများ၊ စည်ပင်သာယာရေးကော်မတီများကပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူများအနေဖြင့် ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

သရက်ခရိုင်ခန်းမသည် အလျား ၁၆၈ ပေ၊ အနံ ၈၆ ပေ၊ အမြင့် ၁၇ ပေ R.C.C Structure အမျိုးအစားဖြစ်ပြီး လူဦးရေ ၆၀၀ ခန့်ဝင်ဆံ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(မြန်/ဆက်)**

## ကျုံပျော်၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သွင်းအားစုပေးအပ်ပွဲပြုလုပ်

**ကျုံပျော် ဒီဇင်ဘာ ၂၃**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော သွင်းအားစုများဖြစ်သော ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ရွက်ဖျန်းမှိုသတ်ဆေးနှင့် ယူရီးယားဓာတ်မြေဩဇာများ တောင်သူများလက်ဝယ်သို့ ပေးအပ်ပွဲအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ငါးကျီးဆူကျေးရွာအုပ်စု အောင်လံစုကျေးရွာ ရွှေပြည်စိုးဆန်စက်ဝင်းအတွင်း၌ ယမန်နေ့က ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက မြို့နယ်အတွင်း တောင်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အကျိုးတူ ကန်ထရိုက်လယ်ယာစနစ် ဖော်ဆောင်နေမှု အခြေအနေနှင့် သွင်းအားစုများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်က ကျုံပျော်မြို့နယ်၏ ၂၀၂၂-၂၀၂၃ ခုနှစ်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နွေစပါးနှင့် ပဲတီစိမ်းစီမံကိန်းလျာထားဧကများအပေါ် အကျိုးတူ ကန်ထရိုက်လယ်ယာစနစ်ဖော်ဆောင်မှု အခြေအနေ၊ တောင်သူများ တစ်ဧကသုံးစွဲရရှိမည့် သွင်းအားစုအခြေအနေနှင့် ပြန်လည်ပေးသွင်းရမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်အတွင်း သွင်းအားစု ဖြန့်ဖြူးရေးတာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းရှင် ဦးရဲလင်းအောင်က သွင်းအားစုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တောင်သူများထံသို့ သွင်းအားစုများပေးအပ်ကာ တောင်သူများနှင့် အကျိုးတူကန်ထရိုက် လယ်ယာစနစ် စာချုပ်ချုပ်ဆိုနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(မြန်/ဆက်)**



# အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၂) ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၃**

အကြမ်းဖက်မှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၂) ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က ၂၀၂၂ ခုနှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်ခဲ့မှုများနှင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်ထားမှုများ၊ ၂၀၂၃ ခုနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် ကြုံတွေ့ရသည့်အခက်အခဲများကို ညှိနှိုင်းဆွေးနွေးနိုင်ရန် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

အစွန်းရောက် အကြမ်းဖက်အုပ်စု ARSA အဖွဲ့သည် လူမျိုးရေးနှင့် ဘာသာရေးကိုအကြောင်းပြု၍ နယ်မြေအပိုင်စီးရယူလိုသည့် ရည်ရွယ်ချက်ဖြင့် ရခိုင်ပြည်နယ်မြောက်ဘက်ခြမ်းတွင် ပြည်သူများကို အကြမ်းဖက်ခြိမ်းခြောက်နေသည့်အဖွဲ့အစည်းဖြစ်ကြောင်း၊ အကြမ်းဖက်အုပ်စု CRPH/ NUG နှင့် ယင်း၏လက်အောက်ခံအမည်အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသော PDFs များသည် ဒီမိုကရေစီအရေးဟု ကြွေးကြော်နေသော်လည်း အစိုးရအုပ်ချုပ်မှု ယန္တရားများကို ပျက်ပြားစေပြီး ပြည်သူများကို ရက်စက်စွာသတ်ဖြတ် အကြမ်းဖက်ခြိမ်းခြောက်၍ ၎င်းတို့ကို ထောက်ခံမှုရရှိစေရန် နိုင်ငံတော်အာဏာကို မတရားရယူရန် ကြိုးပမ်းနေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ရည်ရွယ်ချက်မတူညီသည့်အတွက် အကြမ်းဖက်မှုပုံစံနှင့် အပြစ်မဲ့ ပြည်သူများကို ခြိမ်းခြောက်လုပ်ဆောင်သည့်ပုံစံများမတူညီကြောင်းနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းစဉ်များ ပိုမိုအားကောင်းအောင် ဆောင်ရွက်နိုင်ရေး၊ ပြည်သူများအတွက် လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ စွမ်းရည်မြှင့်တင်ရေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီစဉ်ခွင့်ပြုပေးထားသည့် အကြမ်းဖက်မှု တိုက်ဖျက်ရေးရန်ပုံငွေကို လုပ်ထုံးလုပ်နည်းနှင့်အညီ အကျိုးရှိအောင်သုံးစွဲနိုင်ရေး၊ ဌာနဆိုင်ရာများနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေးတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက်ဗဟိုအဖွဲ့အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်က ၂၀၂၂ ခုနှစ်အတွင်း အကြမ်းဖက်မှု တိုက်ဖျက်ရေး ဆောင်ရွက်ချက်များနှင့် သုံးသပ်အကြံပြုချက်များကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး၊ နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီး၊ ဌာနကြီးမှူး ရဲမှူးချုပ် အောင်ငွေးမြင့်က အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ဆောင်ရွက်ချက်များနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၊ အင်တာပိုလ်၊ အာဆီယံရဲအဖွဲ့၊ နှစ်နိုင်ငံရဲတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တားဆီးနှိမ်နင်းရေးကဏ္ဍတွင် လုံခြုံရေးနှင့် သတင်းအချက်အလက်များ ရယူစုဆောင်းပူးပေါင်း ဆောင်ရွက်ခဲ့မှုများ၊ နယ်စပ်ဒေသများတွင် တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့မှုများ၊ သတင်းမှန်ပြန်ကြားရေးဆောင်ရွက်မှုများ၊ ပြည်သူများ အကြမ်းဖက်ခံရမှု၊ နိုင်ငံပိုင်/ ပုဂ္ဂလိကပိုင်အဆောက်အအုံနှင့်ဈေးများ၊အရေးကြီးပစ္စည်းများ ဖောက်ခွဲ/ဖျက်ဆီးခံရမှု၊ လျှပ်စစ်တာဝါတိုင်၊ ဖုန်းတာဝါတိုင်များ ဖျက်ဆီးခံရမှုများနှင့် စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေး၊ ကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့တွင် ပူးပေါင်း ဆောင်ရွက်ခဲ့မှုများ၊ နယ်မြေအလိုက် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ၊ တရားစွဲဆိုရေး၊ ရန်ပုံငွေ ထူထောင်ရေးဆောင်ရွက်ထားမှုများ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်ပရောက် အကြမ်းဖက်သမားများနှင့် ပတ်သက်၍ သံတမန်နည်းလမ်း ဆောင်ရွက်မှုများ၊ ဥပဒေနှင့် နည်းဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ သတင်းအချက်အလက်နှင့် ပူးပေါင်းဆောင်ရွက်မှု၊ သတင်းတုများတိုက်ဖျက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက ၂၀၂၃ ခုနှစ်တွင် ဖြစ်ပေါ်လာနိုင်သည့် အကြမ်းဖက်မှုအခြေအနေများအပေါ် ကြိုတင်ကာကွယ်ရေးအစီအမံများ၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးရေး ထိရောက်မှုရှိရန် စီမံဆောင်ရွက်ထားမှုများ၊ အစွန်းရောက်မှုများ ကြိုတင်ကာကွယ်ရေးနှင့် အကြမ်းဖက်ဖြစ်စဉ်များကို လက်ဦးမှုရယူဖော်ထုတ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်အချက်များ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက စီစဉ်ခွင့်ပြုပေးထားသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးရန်ပုံငွေကို လုပ်ထုံးလုပ်နည်းနှင့်အညီ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေး၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ဗဟိုအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရဲအရာရှိကြီးများ၊ ဘာသာရေးဆိုင်ရာ အရာရှိကြီးများ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗဟိုအဖွဲ့ဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်အတွက်အရေးကြီးသော e-Government စနစ် ဖော်ဆောင်ရေးကို သမိုင်းပေးတာဝန်တစ်ရပ်အနေဖြင့် အလေးအနက်ခံယူပြီးဆောင်ရွက်





**နေပြည်တော် ဒီဇင်ဘာ ၂၃**

နေပြည်တော်စည်ပင်သာယာရေးကော်မတီက အသစ်ခန့်ထားသည့် အမြဲတမ်းဝန်ထမ်း အငယ်တန်းစာရေး ဝန်ထမ်း ဖ၀ တို့ကို အွန်လိုင်းအခြေပြု အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများနှင့် e-Government စနစ် အကောင်အထည်ဖော်ဆောင်ရာတွင် ထိရောက်အောင်မြင်အောင် စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ e-Government အထောက်အကူပြု ရုံးလုပ်ငန်းသုံး အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မင်္ဂလာခန်းမ၌ ကျင်းပသည်။

**မွေးထုတ်ပေးနိုင်ခဲ့**

သင်တန်းဆင်းပွဲတွင် ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က နေပြည်တော်စည်ပင်သာယာရေးကော်မတီတွင် ကွန်ပျူတာသင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယခုအမှတ်စဉ် (၁၃/၂၀၂၂) အထိ ဝန်ထမ်း ၄၉၄ ဦးကို ကွန်ပျူတာအသုံးပြုတတ်မြောက်စေရန် မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ e-Government စနစ်သည်နည်းပညာအသုံးပြုပြီး စီမံခန့်ခွဲသည့်စနစ်ဖြစ်၍ အစိုးရယန္တရားလည်ပတ်မှု ပိုမိုကောင်းမွန်ကာ ဌာနအချင်းချင်းဆက်သွယ်ဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စွာဖြင့် လွယ်ကူလျင်မြန်စွာနှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် ကနဦးခြေလှမ်းအဖြစ် ရေခွန်ပေးဆောင်မှုကို နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍ကော်မတီ၏ ဝန်ဆောင်မှုများကို e-Government စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် Digitalization Application များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် e-Government စနစ် အကောင်အထည်ဖော်ဆောင်ရာတွင် အရေးကြီးဆုံးအဆင့်ဖြစ်သည့် ပူးပေါင်းဆောင်ရွက်မှု (Coordination) အဆင့်ကိုရောက်ရှိ ဆောင်ရွက်လျက်ရှိရာ ဌာနများအားလုံး စနစ်တကျဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏အကျိုးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ အကျိုးတို့အတွက် e-Government စနစ် အကောင်အထည်ဖော်ဆောင်ရာတွင် ကျရာအခန်းကဏ္ဍမှ ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုရသူများကို ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် အခွန်အယူခံခုံအဖွဲ့ အဆောက်အအုံသစ်ဖွင့်လှစ်



**နေပြည်တော် ဒီဇင်ဘာ ၂၃**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အခွန်အယူခံခုံအဖွဲ့ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို နေပြည်တော် ကောင်စီနယ်မြေ ရုံးအမှတ် (၅၇) ဥတ္တရသီရိမြို့နယ်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးတင်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံရုံးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနနှင့် အခွန်အယူခံခုံအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးတို့က အခွန်အယူခံခုံအဖွဲ့ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အခွန်အယူခံခုံအဖွဲ့ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ယင်းနောက် အခွန်အယူခံခုံအဖွဲ့ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို စုပေါင်းခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အခွန်အယူခံခုံအဖွဲ့ အဆောက်အအုံသစ် ဖွင့်လှစ်ခြင်းနှင့် ပတ်သက်ပြီး အမှာစကားပြောကြားသည်။

ဆက်လက်၍ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးက အခွန်အယူခံခုံအဖွဲ့ပေါ်ပေါက်လာပုံနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အခွန်အယူခံခုံအဖွဲ့ ရုံးသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်၍ တက်ရောက်လာသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီးရှိ ကညင်ရေလှောင်တမံတွင် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့်အခြေအနေ ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဒီဇင်ဘာ ၂၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီးရှိ ကညင်ရေလှောင်တမံတွင် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့် အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၉) ညွှန်ကြားရေးမှူး ဦးညီညီလွင်နှင့် တာဝန်ရှိသူများက ကညင်ရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ စိုက်ပျိုးရေဖြန့်ဖြူးပေးဝေမှုအခြေအနေ၊ အသေးစားရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်တို့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး အကြိုစူးစမ်းလေ့လာမှု ပြုလုပ်ထားသည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိမှုသည် အဓိကကျသည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ သဘာဝအရင်းအမြစ်များရရှိမှုအပေါ်အခြေခံ၍ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ရေအားနှင့် နေရောင်ခြည်စွမ်းအင်တို့မှ လျှပ်စစ်ဓာတ်အားထုတ်ယူရရှိနိုင်သည့် စီမံကိန်းအသစ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကညင်ဆည်တွင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ခွင့်ပြုခဲ့သော အကြိုဖြစ်မြောက်နိုင်စွမ်းလေ့လာထားချက်များအရ ရေအားလျှပ်စစ်မှ ၉ ဒသမ ၉ မဂ္ဂါဝပ်ရရှိနိုင်ပြီး နေရောင်ခြည်စွမ်းအင်မှမဂ္ဂါဝပ် ၂၀ ခန့် ရရှိနိုင်သဖြင့် Hybrid Power System အရ စုစုပေါင်း ၂၉ ဒသမ ၉ မဂ္ဂါဝပ်ခန့် ထွက်လာနိုင်မည်ဖြစ်သဖြင့် စီမံကိန်းတစ်ခုချင်းစီအလိုက် တိုင်းဒေသကြီး၏ အစီအစဉ်ဖြင့် အမြန်ဆုံးဆက်လက်ဆောင်ရွက်နိုင်ရန် နည်းပညာအရ လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင်လည်း အခြားသော အရင်းအမြစ်ဖြစ်သည့် လေအားလျှပ်စစ်စီမံကိန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်မီးရရှိလာပါက စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် စီမံကိန်းအား အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကညင်ရေလှောင်တမံပေါ်သို့ရောက်ရှိပြီး တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ အသေးစားရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်တို့မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး အကြိုစူးစမ်းလေ့လာမှု ပြုလုပ်ထားသည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

**ဝိုင်းဝန်းဆောင်ရွက်**

ထို့နောက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး တိုင်း/ ခရိုင်/ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရေးသည် အဓိကကျသဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေရန် လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားကို တိုးတက်ထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများမှ ဖျက်ဆီးထားသော လျှပ်စစ်ဓာတ်အားလိုင်းများကိုလည်း ပြုပြင်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကာလမှစတင်၍ လာမည့်နွေရာသီကာလအထိ လျှပ်စစ်ဓာတ်အားကို စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေး ဆည်များသို့ဝင်ရောက်နေသည့် ရေများကို စနစ်တကျသိုလှောင်၍ ထိန်းသိမ်းမောင်းနှင်ပေးလျက်ရှိကြောင်း၊ ယခုအချိန်ကာလတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် သုံးစွဲမှုမမျှတသည့်အတွက် ခွဲဝေရရှိသည့် ဓာတ်အားကို မျှတစွာ ခွဲဝေဖြန့်ဖြူးသွားရန် လိုအပ်ကြောင်း၊ မီးသုံးစွဲသူ ပြည်သူများမှ မိမိတို့ရရှိသည့်အချိန်ကို ကြိုတင်သိရှိပြင်ဆင်နိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ကြိုတင်အသိပေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေး၊ လျှပ်စစ်ဓာတ်အားခကျသင့်ငွေများ အပြည့်အဝကောက်ခံရရှိစေရေး တိုင်း/ ခရိုင်/ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ဘဏ္ဍာရေးတာဝန်ခံများက ဆောင်ရွက်သွားရန်နှင့် မီတာဖတ်ခြင်း၊ မီတာဘေလ်ဝေခြင်းနှင့် ဓာတ်အားခကောက်ခံခြင်းလုပ်ငန်းများကို တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် မိမိတို့ဝန်ကြီးဌာန၏ရည်မှန်းချက်များ အောင်မြင်အောင်စေတနာထား၍ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖

# ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုအပေါ် မြန်မာနိုင်ငံ၏ ရပ်တည်ချက်များကို ထုတ်ပြန်

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့၌ ၂၁-၁၂-၂၀၂၂ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး၌ မြန်မာနိုင်ငံဆိုင်ရာ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အဆိုတစ်ရပ်ကို မဲခွဲချမှတ်ခဲ့ကြောင်း သိရှိရသည်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းရေးကို အဓိကတာဝန်ယူဆောင်ရွက်ရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက လုံခြုံရေးကောင်စီသို့တာဝန်အပ်နှင်းထားသည်။ မြန်မာနိုင်ငံ၏အခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် ထိခိုက်သက်ရောက်မှုမရှိဘဲ ပြည်တွင်းရေးသာဖြစ်သည်။ သို့ဖြစ်ရာ လုံခြုံရေးကောင်စီက ယခုကဲ့သို့ ဆုံးဖြတ်ချက်အဆိုကို အတည်ပြုချမှတ်ခဲ့ခြင်းမှာ ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် ညီညွတ်ခြင်းမရှိကြောင်း အလေးထားဖော်ပြအပ်သည်။

ဖော်ပြပါ ဆုံးဖြတ်ချက်အဆိုကို ဗြိတိန်နိုင်ငံကဦးဆောင်တင်သွင်းခဲ့ခြင်းဖြစ်ပြီး၊ ကုလသမဂ္ဂ၏ အခြေခံမူနှင့် ရည်ရွယ်ချက်များနှင့် ဆန့်ကျင်လျက် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သော အချက်များစွာပါဝင်ကြောင်း တွေ့ရှိသည်။ ထို့အပြင် ဆုံးဖြတ်ချက်အဆိုတွင် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ထည့်သွင်းဖော်ပြထားရာ၊ အထွေထွေညီလာခံ တတိယကော်မတီတွင် လည်းကောင်း၊ လူ့အခွင့်အရေးကောင်စီတွင် လည်းကောင်း အကြိမ်ကြိမ်ဆွေးနွေးပြီးသော ကိစ္စရပ်များဖြစ်သဖြင့် လုံခြုံရေးကောင်စီ၏ လုပ်ပိုင်ခွင့်အတွင်း ကျရောက်ခြင်းမရှိသော ကိစ္စရပ်များဖြစ်ကြောင်းလည်း တွေ့ရှိရသည်။

ဆုံးဖြတ်ချက်အဆိုတွင် အကြမ်းဖက်မှုများရပ်တန့်ရန် တောင်းဆိုထားကြောင်း တွေ့ရှိရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တည်ဆဲဥပဒေများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသော၊ တရားမဝင်အဖွဲ့အစည်းများအဖြစ် ကြေညာထားခြင်းခံရသည့် NUG နှင့် PDFs တို့၏ လုပ်ရပ်များကိုသာ ရှုတ်ချတားဆီးရန်လိုအပ်သည်။

မြန်မာနိုင်ငံသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ မဲမသမာမှုဖြစ်စဉ်များကြောင့် အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်များနှင့်အညီ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပလျက် အနိုင်ရသည့်ပါတီအား နိုင်ငံတော်တာဝန်လွှဲအပ်ပေးရေးအပါအဝင် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာအစိုးရ၏ ဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို အားပေးထောက်ခံရန် လိုအပ်သည်။

အာဆီယံတူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်မှုကို ပူးပေါင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရန်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို လေးစားရန်နှင့် အာဆီယံပဋိညာဉ်စာတမ်းပါအချက်များအပေါ် အခြေခံလျက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ အာဆီယံ၏ အစီအစဉ် အရပေးအပ်မည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများကိုလည်း ခွဲခြားမှုမရှိဘဲ အကူအညီလိုအပ်သူများထံ ပေးအပ်နိုင်ရေးအတွက် အထက်ပါရပ်တည်ချက်အတိုင်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် ထိတွေ့ဆက်ဆံရာတွင်လည်း မြန်မာနိုင်ငံ၏ အခြေခံရပ်တည်ချက်များဖြစ်သည့် ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရန်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို လေးစားရန်မူများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသော နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား သဘောတူညီချက်များနှင့်အညီ စိစစ်လက်ခံရေးကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံဖြင့် ဖွဲ့စည်းတည်ထောင်ထားသောနိုင်ငံဖြစ်သည်။ မြန်မာ့အရေးစဉ်းစားရာတွင် သမိုင်းကြောင်းနှင့် အမျိုးသားစရိုက်လက္ခဏာများကို လည်းကောင်း၊ ကိုလိုနီစနစ်၏ သွေးခွဲအုပ်ချုပ်မှုကြောင့်ဖြစ်ပေါ်ရသည့် စိတ်ဝမ်းကွဲပြားမှုများကို လည်းကောင်း ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ ယင်းသို့သော နက်နဲကျယ်ပြန့်သည့်ကိစ္စရပ်များကို မြန်မာနိုင်ငံကသာ အသိရှိဆုံးဖြစ်ပြီး ဖြေရှင်းနိုင်စွမ်းရှိသည်။

နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ နောက်ခံသမိုင်းကြောင်းမှာ တူညီမှုမရှိခြင်းကြောင့် ပြည်ပနိုင်ငံများ၏ စွက်ဖက်မှုများနှင့် ဖိအားများဖြင့် ကြားဝင်ဆောင်ရွက်မှုများသည် နိုင်ငံအများအပြား၌ အောင်မြင်မှုမရရှိကြောင်း တွေ့ရှိရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးတို့အတွက် ပြည်သူလူထု၏ အကျိုးစီးပွားကိုရှေးရှုလျက် နိုင်ငံတော်လုံခြုံတည်ငြိမ်၊ ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အားပေးထောက်ခံရမည့်အစား ပြည်တွင်းတည်ငြိမ်မှုကို ထိခိုက်ပျက်ပြားစေမည့် ဖိအားပေးမှုများသည် မည်သို့မျှအထောက်အကူမပြုကြောင်းနှင့် ယင်းသို့သော ဆောင်ရွက်ချက်များကို မြန်မာနိုင်ငံက လက်ခံမည်မဟုတ်ကြောင်း ဖော်ပြအပ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ပါအချက်များသည် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးအတွက် အပြုသဘောအကျိုးဖြစ်ထွန်းမှုမရှိစေဘဲ နိုင်ငံရေးသွတ်သွင်းရန် ရည်ရွယ်ထားသည့် အချက်များကိုသာ ဦးစားပေးထားကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ့အရေးဆောင်ရွက်ရာတွင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ မြန်မာနိုင်ငံ၏ အခြေခံမူဝါဒ ရပ်တည်ချက်များနှင့်အညီသာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်။**

# ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့နှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့က ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ပြဋ္ဌာန်းထားသော နိုင်ငံရေးဦးတည်ချက်များနှင့် လုပ်ငန်းစဉ်များအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အခြေအနေများ၊ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးအပေါ် ဝင်ရောက်စွက်ဖက်နေသော ဆောင်ရွက်ချက်များအပေါ် တုံ့ပြန်ဆောင်ရွက်နေမှုများ၊ အာဆီယံ၏ တူညီဆန္ဒ (၅)ချက်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဒေသတွင်းနှင့် နိုင်ငံတကာရှိ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ စိန်ခေါ်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ ရပ်တည်ချက်၊ မူဝါဒနှင့် အကောင်အထည်ဖော်ဆောင်ရွက်ချက်တို့ကို ဒေသတွင်းနှင့် နိုင်ငံတကာမှ သိရှိစေရန် သံတမန်လမ်းကြောင်း (၁.၅)၊ သံတမန်လမ်းကြောင်း(၂) တို့ဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး၊ နိုင်ငံ့အကျိုးဖြစ်ထွန်းစေမည့် မူဝါဒပိုင်းဆိုင်ရာ အကြံဉာဏ်များ၊ လေ့လာသုံးသပ်ချက်များကို စဉ်ဆက်မပြတ် တင်ပြနိုင်ရေးနှင့် နိုင်ငံတကာအဆင့်မီ သုတေသနစာတမ်းများ ရေးသားပြုစုနိုင်ရေး တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပညာရှင်များရှုထောင့်မှ အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ၊ ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေး၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ကျေးလက်ကုန်ထုတ်လမ်းနှင့် ကုန်ထုတ်တံတား ဆောင်ရွက်နေမှုများအား ကွင်းဆင်းစစ်ဆေး

**ကျိုက်ထို ဒီဇင်ဘာ ၂၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် Union High Tech ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသည့် ကျိုက်ပိကျေးရွာ ကုန်ထုတ်လမ်းနှင့် One Of All ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသည့် ကျိုက်ပိကျေးရွာ ကုန်ထုတ်တံတား လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကျိုက်ထိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် အဖွဲ့တို့က ယနေ့တွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ တာဝန်ခံအင်ဂျင်နီယာ၊ ကုမ္ပဏီတာဝန်ခံတို့က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ခရိုင်တာဝန်ရှိသူများက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ ၂၂၂

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လွတ်လပ်သည့်မြန်မာဟူသော ဂုဏ်ဒြပ်နှင့်အတူ လက်ဆင့်ကမ်းပေးရမည့်အမွေအနှစ်

မိုးကေခိုင်

**၇၅ နှစ် စိန်ရတုတိုင် တည်ခဲ့ပြီဖြစ်သည့် မြန်မာ့လွတ်လပ်ရေး။**

**လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယဟူသောကြွေးကြော်သံဖြင့် တိကျပြတ်သားသော ရည်မှန်းချက်တစ်ခုဆီ အရောက်လှမ်းပြီး တိုင်းရင်းသားပြည်သူအားလုံး အလိုချင်ဆုံးသော လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည်။ နယ်ချဲ့တိုင်းတစ်ပါးတို့ စိုးမိုးမှုအောက်မှာ မနေချင်ကြ၍ အသက်၊ သွေး၊ ချွေး စတေးပေးဆပ်ပြီးမှ ခက်ခဲကြမ်းတမ်းစွာဖြင့် တိုက်ခိုက်ရယူခဲ့ရသော လွတ်လပ်ရေးဖြစ်၍ စစ်မှန်သောလွတ်လပ်ရေးဟု ဆိုထိုက်သည်။**



အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်သောနိုင်ငံ၊ လုံးဝလွတ်လပ်သောလူမျိုးများအဖြစ်သို့ ရောက်ရှိသည်ဖြစ်၍ လွတ်လပ်ရေးကို အလေးအနက်တန်ဖိုးထားတတ်ကြသည်၊ အထွတ်အမြတ်ထားအပ်ကြသည်။

### တာဝန်ယူတာဝန်ခံမှုရှိရမည့် သမိုင်းပေးတာဝန်

မြန်မာတို့၏ လွတ်လပ်ရေး မပျောက်ကွယ်၊ မပျက်စီး၊ အဖျက်ဆီးမခံရအောင် အသက်ပေးကာကွယ် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်မှာ ၇၅ နှစ်ရှိခဲ့ပါပြီ။ လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲစေရန် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရမည်မှာ ယနေ့မျိုးဆက်သစ် ပြည်ထောင်စုသားအားလုံး၏ သမိုင်းပေးတာဝန်ဖြစ်နေသည်ကိုလည်း သတိမလစ်ရန်လိုသည်။ ဤနေ့ ဤကာလရောက်တိုင်း သားစဉ်မြေးဆက် သတိပေးနှိုးဆော်ကြသလို ကိုယ့်လက်ထက်ရောက်မှ အချုပ်အခြာဆုံးရှုံးရသည့်အဖြစ်မျိုး လုံးဝမဖြစ်စေလိုသည်မှာ လွတ်လပ်ရေးနှင့်တကွ လွတ်လပ်မှုကို တန်ဖိုးထားသူတိုင်း၏ ပြင်းပြသောဆန္ဒဖြစ်သည်။

လွန်ခဲ့သော အတိတ်ကာလများကို ပြန်ပြောင်းကြည့်လျှင် မြန်မာနိုင်ငံတွင် လုံးဝလွတ်လပ်သော အလွတ်လပ်ဆုံးကာလများရှိခဲ့သလို အကျပ်အတည်းဖိအားများအောက်တွင် နေထိုင်ခဲ့ရသည်များလည်းရှိခဲ့သည်။ သို့သော် လွတ်လပ်မှုဟူသော ဂုဏ်ဒြပ်ကို တလွဲ၊ အလွဲအသုံးချလျှင်ကား တန်ဖိုးလျော့သွားမည်သာဖြစ်သည်။

**လွတ်လပ်မှုမှာ တာဝန်ခံမှု၊ တာဝန်ယူမှု ရှိရတတ်သည်။ မိမိ၏ လွတ်လပ်မှုသည် အခြားသူတစ်ဦး၏ လွတ်လပ်မှုကို မထိခိုက်စေသင့်။ လေးစားရမည်ဖြစ်သည်။ နိုင်ငံသားတစ်ဦး၏ အခြေခံအခွင့်အရေးဆိုသည်မှာ တရားမျှတမှုရှိ၊ မရှိ၊ ခွဲခြားဆက်ဆံမှုရှိ၊ မရှိ၊ တန်းတူညီမျှမှုရှိ၊ မရှိအပေါ်တွင် အခြေခံသည်။ အဆိုပါ အခြေခံအချက်မျှလောက်မှ မရှိသော လူ့အဖွဲ့အစည်းတစ်ခုတွင် တရားဥပဒေစိုးမိုးမှုအားနည်းနေတတ်ပြီး နိုင်ငံသားတစ်ဦး၏ အခွင့်အရေး ဆုံးရှုံးနစ်နာမှုသည် များသည်ထက်များလာနိုင်ပါသည်။ ဆိုလိုသည်မှာ လူတစ်ဦးချင်းစီ၏ လုံခြုံမှုမရှိခြင်း၊ လွတ်လပ်မှုကင်းမဲ့ခြင်းမှသည် လူ့အဖွဲ့အစည်း၏ လွတ်လပ်မှုကို ထိခိုက်နိုင်ခြေ၊ ထိုမှတစ်ဆင့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာထိပါးနိုင်ခြေအထိ ရှိလာနိုင်ခြင်းကို သတိထားနိုင်ရန်**ဖြစ်ပါသည်။

### ဆုံးရှုံးနိုင်ခြေများသည့် လွတ်လပ်ရေး၏အဓိပ္ပာယ်

တိုင်းတစ်ပါး နယ်ချဲ့လက်အောက်တွင်ရှိစဉ်က တရားမျှတမှုကင်းမဲ့ခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း၊ တန်းတူညီမျှမှုမရှိခြင်း၊ ဖိနှိပ်ခံရခြင်း၊ လွတ်လပ်မှုမရှိ ကျွန်သဖွယ် ဆက်ဆံခံရခြင်းတို့ကြောင့် နယ်ချဲ့ကို တော်လှန်ခဲ့ပြီးမှ လွတ်လပ်ရေး ရရှိခဲ့ခြင်းဖြစ်သည်။ လွတ်လပ်သောနိုင်ငံတစ်နိုင်ငံဖြစ်ကာမှ၊ အချုပ်အခြာပိုင်နိုင်ငံဖြစ်ကာမှ တရားမျှတမှုမရှိ ခွဲခြားဆက်ဆံခံရသည့်အခြေအနေ၊ နိုင်ငံသားအခွင့်အရေးများဆုံးရှုံးနေရသည့် အခြေအနေနှင့် လွတ်လတ်မှုမရှိ မငြိမ်းချမ်းသည့်ဘဝမျိုးကို စစ်မှန်သောလွတ်လပ်မှုဟု ထင်မြင်ကြမည်မဟုတ်ပါ။

ပြည်သူတွေ တိုင်းရင်းသားတွေ မညီညွတ်ကြ၍ အချင်းချင်းတိုက်ကြခိုက်ကြ၊ မစည်းလုံးကြ၍ နိုင်ငံပြိုကွဲမည့်ဘေးမှလည်းကောင်း၊ တိုင်းတစ်ပါး ကိုလိုနီလက်သစ်တို့၏ ဝင်ရောက်စွက်ဖက် ဖိအားပေးမှုအမျိုးမျိုးကြောင့်လည်း ကောင်း၊ အချုပ်အခြာထိပါးခံရပြီး ကျဆုံးနိုင်ငံ ဖြစ်မည့်အရေးမှလည်းကောင်း လွတ်လပ်ရေးဆုံးရှုံးနိုင်ခြေများစွာရှိနေသည်ကို သတိပြုဆင်ခြင်ရမည်ဖြစ်ပါသည်။

လူဦးရေ ၅၅ သန်းမျှရှိသော မြန်မာနိုင်ငံသည် ဧရိယာအကျယ်အဝန်းကြီးမားကျယ်ပြန့်ပြီး သဘာဝကပေးထားသော တောတောင်ရေမြေနှင့် သယံဇာတများ ပေါများကြွယ်ဝပါသည်။ (၁၃၅) မျိုးသော တိုင်းရင်းသားလူမျိုးစုများသည် မတူကွဲပြားခြားနားသော ယဉ်ကျေးမှုရိုးရာ ဓလေ့ထုံးတမ်းအစဉ်အလာများကို ကိုယ်စီပိုင်ဆိုင်ကြသည်။

ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်စံဖြင့် အေးအတူပူအမျှ အစဉ်အဆက်နေထိုင်လာခဲ့ကြသော်လည်း မတူညီမှုကို အကြောင်းပြု၍ လက်နက်ကိုင်တိုက်ခိုက်နေကြသော လက်နက်ကိုင်အဖွဲ့များစွာလည်းရှိကြသည်။ တိုက်ခိုက်မှုများဖြင့် မငြိမ်းချမ်းနိုင်သေးသည်မှာ အားလုံးအသိဖြစ်သည်။ နိုင်ငံရေးအကြောင်းပြချက်ဖြင့် မငြိမ်သက်အောင် ဆူပူလှုံ့ဆော်အကြမ်းဖက်မှုများလည်း ရှိနေဆဲဖြစ်သည်။ အကြမ်းဖက်မှုများကြီးထွားပြီး အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးနေရသည်။

ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုသည် ဆက်စပ်နေပြီး ငြိမ်းချမ်းမှုမရှိ၍ မဖွံ့ဖြိုး၊ မဖွံ့ဖြိုး၍ မငြိမ်းချမ်းနိုင်။ ထို့ကြောင့်လည်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို တစ်ပြိုင်နက်တည်ဆောက်နေရသည်။ သို့မဟုတ်လျှင် လွတ်လပ်ရေးဆိုသော ဝေါဟာရ၏ အဓိပ္ပာယ်၊ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားနားလည်ရန် ခက်ခဲနေပါလိမ့်မည်။

**တိုင်းတစ်ပါးလက်အောက် ကျွန်အဖြစ်ဖြင့်မနေလို၍ ကျွန်ပြုသူများကို တိုက်ခဲ့ပြီးမှ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့ လွတ်မြောက်ခဲ့ကြခြင်းဖြစ်သည်။ ကျွန်ပြန်မဖြစ်ရန် ကာကွယ်စောင့်ရှောက်သူက စောင့်ရှောက်နေသလို ကျွန်သဘောက်ဘဝ မျှော်ကိုးသူများလည်းရှိနေပြန်သည်။ ကာကွယ်သည်ဆိုရာတွင် အသက်ပေးစောင့်ရှောက်၍ နိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်နေကြခြင်း ဖြစ်သည်။ တိုင်းရင်းသားအားလုံး ပိုင်သော လွတ်လပ်ရေးကို အသက်တစ်မျှ တန်ဖိုးထား၍ဖြစ်သည်။ တိုင်းတစ်ပါးလက်အောက်ပြန်ရောက်အောင် တွန်းပို့ပြီး တိုက်ရိုက်ကျွန်ခံချင်သူများရှိနေသလို လက်ဝေခံဘဝဖြင့် သူများကျွေးစာ၊ ပေးစာ၊ ကမ်းစာမျှော်လင့်ပြီး ခိုင်းသည့်အတိုင်းလုပ်၍ တိုင်းပြည်ကို အကြမ်းနည်း၊ အနုနည်းမျိုးစုံဖြင့် ဖျက်ဆီးပြီး သွယ်ဝိုက်ကျွန်ခံသူများလည်း ရှိနေပြန်သည်။**

### လုံခြုံရေးနှင့် အချုပ်အခြာဆက်စပ်မှု

နိုင်ငံတစ်နိုင်ငံသည် လွတ်လပ်ရေးနှင့် အချုပ်အခြာတည်မြဲနေသရွေ့ ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေနိုင်မည်သာဖြစ်သည်။ ထို့ကြောင့်လည်း လွတ်လပ်ရေးကို တိုက်ယူစဉ်က လွတ်လပ်ရေးသည်သာ ပထမ၊ ဒုတိယ၊ တတိယဦးစားပေးရှိခဲ့သော်လည်း ယခုကာလမှာမူ တိုင်းပြည်အတွက် အရေးကြီးဆုံးဖြစ်သော အချုပ်အခြာမကျိုးပေါက်ရန်က အရေးကြီးဆုံးဖြစ်နေ၍ လုံခြုံရေးသည်သာ ပထမ၊ လုံခြုံရေးသည် ဒုတိယ၊ လုံခြုံရေးသည်သာ တတိယဟု သတ်မှတ်လိုပါသည်။ လုံခြုံရေးဟု ဆိုလိုက်သည်နှင့် လက်နက်ကိုင်တပ်ဖွဲ့စစ်သည်များကိုသာ ပြေးမြင်ရန်မဟုတ်၊ နယ်ပယ်များစွာအထိ ကျယ်ပြန့်စွာမြင်ပေးရန်လိုသည်။

လူသားလုံခြုံရေးဟူ၍ လူတစ်ဦးချင်းလုံခြုံရေးမှသည် အစာအာဟာရလုံခြုံဖူလုံမှုရှိရေး၊ ဆိုက်ဘာလုံခြုံရေး၊ ဓာတုဗီဇလုံခြုံရေး၊ စွမ်းအင်လုံခြုံရေး၊ သတင်းအချက်အလက် လုံခြုံရေး၊ ကျန်းမာရေးလုံခြုံရေး၊ ပြည်သူ့ရေးရာလုံခြုံရေး စသည်ဖြင့်နိုင်ငံတော်လုံခြုံရေးအထိ သဘောတရားအရ ကျယ်ပြောလှသည်။ ဆိုင်ရာအထူးပြုနယ်ပယ်အလိုက် မကျိုးမပျက် ဆက်စပ်ဆောင်ရွက်နိုင်မှသာ နိုင်ငံတစ်နိုင်ငံ၏ ပြီးပြည့်စုံသော လုံခြုံမှုကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။ နယ်ပယ်အားလုံးတွင် လူသားလုံခြုံရေးကပို၍အဓိကကျပြီး အားလုံး၏ဗဟိုချက်မဖြစ်မည်ဟုလည်း ယူဆပါသည်။

### လုံခြုံရေးကျိုးပေါက်မှုအန္တရာယ်

အထက်ပါ သဘောတရားများအရ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစုတွင် လွတ်လပ်ရေးကို ထိန်းသိမ်းနိုင်စွမ်းတွင် ပြဿနာများစွာ ကြုံတွေ့ဖြေရှင်းနေရသလို စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရသည်ကိုလည်း တွေ့မြင်နေရသည်။

စာမျက်နှာ ၁၂ သို့ ❖

> **“ကမ္ဘာ့နေရာအချို့တွင် လက်နက်ကိုင်ပဋိပက္ခအသစ်များ စစ်ပွဲအသစ်များ ဖြစ်ပေါ်နေသည်။ နိုင်ငံတစ်နိုင်ငံ၏ လုံခြုံရေးကျိုးပေါက်မှုသည် ကျန်နိုင်ငံများတွင်ပါ သက်ရောက်မှုများရှိလာနေပြီး ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးကို အကြီးအကျယ်ခြိမ်းခြောက်မှုများရှိလာနေသည်။ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါအန္တရာယ်များနှင့်အတူ စီးပွားရေးဆုတ်ယုတ်မှုများ၊ ဆင်းရဲမွဲတေမှုနှင့် အငတ်ဘေးပြဿနာ၊ ထိုမှသည် ဆင်းရဲချမ်းသာ ကွာခြားချက်နှင့် မညီမျှမှုများဆက်တိုက်ဆိုးရွားလာနေပြီး နိုင်ငံရွှေ့ပြောင်းထွက်ခွာမှုများနှင့်အတူ အချို့ဖွံ့ဖြိုးပြီးနိုင်ငံများပင် ဒုက္ခသည်ပြဿနာများကို ထပ်ဆင့်ကြုံတွေ့လာနေရပြီဖြစ်”**

❖ စာမျက်နှာ ၁၁ မှ

ကမ္ဘာ့နေရာအချို့တွင် လက်နက်ကိုင်ပဋိပက္ခအသစ်များ စစ်ပွဲအသစ်များ ဖြစ်ပေါ်နေသည်။ နိုင်ငံတစ်နိုင်ငံ၏ လုံခြုံရေးကျိုးပေါက်မှုသည် ကျန်နိုင်ငံများတွင်ပါ သက်ရောက်မှုများရှိလာနေပြီး ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးကို အကြီးအကျယ်ခြိမ်းခြောက်မှုများ ရှိလာနေသည်။ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါအန္တရာယ်များနှင့်အတူ စီးပွားရေးဆုတ်ယုတ်မှုများ၊ ဆင်းရဲမွဲတေမှုနှင့် အငတ်ဘေးပြဿနာ၊ ထိုမှသည် ဆင်းရဲချမ်းသာကွာခြားချက်နှင့် မညီမျှမှုများဆက်တိုက်ဆိုးရွားလာနေပြီး နိုင်ငံရွှေ့ပြောင်းထွက်ခွာမှုများနှင့်အတူ အချို့ဖွံ့ဖြိုးပြီးနိုင်ငံများပင် ဒုက္ခသည်ပြဿနာများကို ထပ်ဆင့်ကြုံတွေ့လာနေရပြီဖြစ်သည်။

ဆင်းရဲမှုအပြင် မူးယစ်ဆေးဝါး ပျံ့နှံ့ခြင်းကပါ ထပ်ဆင့်လာသည့်အခါ ရာဇဝတ်မှုများပါ ထူပြောလာသည်။ လက်နက်မှောင်ခို တင်သွင်းမှုများက အကြမ်းဖက်အားပေးသလို ဖြစ်လာနေသည်။ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခရာဖြစ်သော ပညာသင်ကြားရေးတွင် အနှောင့်အယှက်များရှိနေခြင်း၊ နိုင်ငံသားများ၏ ကိုယ်ကျင့်တရားများ ပျက်ယွင်းလာခြင်း၊ နိုင်ငံတွင်း ခိုးဝင်မှုများပြားလာခြင်းနှင့်အတူ လူမှုရေးပဋိပက္ခအသစ်များက လူ့အဖွဲ့အစည်းအတွင်း မငြိမ်သက်မှုများဖြစ်ပေါ်စေပြီး တရားဥပဒေစိုးမိုးမှုကို ခြိမ်းခြောက်လာနေသည်။ အထက်ပါအကြောင်းတရားများကြောင့် နိုင်ငံများစွာတွင် အစိုးရများအပေါ် လူထု၏ယုံကြည်မှုများ ပျောက်ဆုံးလာပြီး နိုင်ငံရေးဆိုင်ရာလုံခြုံမှုကိုပါ ထိခိုက်မှုများရှိလာနေကာ ကမ္ဘာကြီးအတွက် အနုတ်လက္ခဏာများသာဖြစ်သည်ကို ဆင်ခြင်သုံးသပ်ရမည် ဖြစ်သည်။

**လွတ်လပ်ရေးကိုထိပါးနိုင်သည့် ကြောင်းကျိုးတရားများ**

နိုင်ငံတိုင်းတွင် မိမိတို့ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဘာသာတရား၊ စာပေအနုပညာ ဓလေ့ထုံးတမ်းအစဉ်အလာများ ကိုယ်စီရှိကြသည်။ အရေးတကြီးတန်ဖိုးထားရမည့်ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများလည်းဖြစ်သည်။ ကိုယ်ခံအားနည်းလျှင် မိမိတို့အမျိုးသားရေးစရိုက်နှင့် မစပ်ဟပ်သည့် ဆန့်ကျင်ဘက်ယဉ်ကျေးမှုများ တဖြည်းဖြည်းစိမ့်ဝင်ပျံ့နှံ့ပြီး ယဉ်ကျေးမှုတိုက်စားခံရနိုင်သည်။ ထိုအခါ နိုင်ငံသားများ အထူးသဖြင့် လူငယ်များတွင် မိမိယဉ်ကျေးမှုကို အထင်သေးပြီး တိုင်းတစ်ပါးယဉ်ကျေးမှုနှင့် သူများတိုင်းပြည်ကိုမှ အထင်ကြီးကုရခက်သည့်ရောဂါတစ်မျိုးနှယ် စွဲကပ်

**ခက်ခဲစွာပေးဆပ်ရယူထားရသော ပစ္စည်းတစ်ခု၏ အနှစ်သာရနှင့် တန်ဖိုးဟူသည် ဘယ်အရာနှင့်မှ လဲ၍မရပါ။ ရတနာသဖွယ်သဘောထား၍ တန်ဖိုးကိုနားလည်မှသာ ထိန်းသိမ်းတတ်ပါမည်၊ စောင့်ရှောက်နိုင်စွမ်းရှိပါမည်။ ဆင်ခြင်တုံတရားပြည့်ပြီး အမြော်အမြင်လည်း ထပ်တူရှိနေမှသာ ပြီးပြည့်စုံခြင်းသို့ရောက်ပါမည်။ ဆုံးရှုံးနိုင်ခြေ အကြောင်းတရားများကို အခွင့်အလမ်းအဖြစ် မှတ်ယူ၍ ပညာဉာဏ်ဖြင့် ဖန်တီးနိုင်လျှင်ကား အားသာချက်များကို တည်ဆောက်ပြီးသား ဖြစ်သွားပါမည်။ သို့မှသာ မိမိတို့လက်ထက် တာဝန်ကျေစွာ ထိန်းသိမ်းထားသော လွတ်လပ်သောမြန်မာဆိုသည့် အမွေအနှစ်ကောင်းတစ်ခုကို နောင်မျိုးဆက်တို့ထံ အပြစ်အနာအဆာမရှိ လက်ဆင့်ကမ်းလွှဲပြောင်းပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း**

သွားတတ်သည်။

နောက်ဆက်တွဲအနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားကြန်အင်လက္ခဏာနှင့်တကွ တိုင်းရင်းသားအပေါင်း၏ အမျိုးသားအကျိုးစီးပွားကိုပါ မျက်ခြည်ပြတ်သွားတတ်သည်။ နိုင်ငံတော်၏အချုပ်အခြာတွင် ပါဝင်သည့် ဘာသာသာသနာနှင့် အမျိုးသားရေးလက္ခဏာများ တစ်စထက်တစ်စဝါးမျိုခံရပြီ၊ ချို့ယွင်းပျက်စီးလာပြီဆိုလျှင် နောင်တွင် လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရာတွင် အခက်အခဲများ ရှိလာနိုင်သည် ဆိုသည့်အချက်ကို မြော်တွေးထားရမည် ဖြစ်သည်။

အထက်ပါ အချက်များသည် နိုင်ငံတော်၏ လုံခြုံရေးကိုသာမက လွတ်လပ်ရေးကိုပါ ခြိမ်းခြောက်ထိပါးလာနိုင်ခြေရှိသည့် အချက်များဖြစ်သည်ကို သတိထားရမည်ဖြစ်သည်။ ယနေ့ကမ္ဘာ့ပထဝီနိုင်ငံရေးအခြေအနေများအရ နိုင်ငံတစ်နိုင်ငံအနေဖြင့် ကျဆုံးရန်လွယ်ကူလှသည်။ ပထဝီနိုင်ငံရေး၊ စီးပွားရေးအရ ချိန်ညှိစွက်ဖက်လာမှုများအပေါ် တောင့်ခံနိုင်ရန်လိုပါသည်။ လွတ်လပ်ရေးဆုံးရှုံးနိုင်စေသောပြင်ပအကြောင်းတရားများကို လွန်ဆန်ရန်မလွယ်ကူသော်လည်း မိမိပြည်တွင်း အကြောင်းတရားများကိုမူ မိမိတို့စွမ်းအားများဖြင့် ကောင်းစွာချေဖျက်နိုင်မည့် အခွင့်အလမ်းများကို ရယူဆုပ်ကိုင် အသုံးချနိုင်စွမ်းရှိရပါမည်။

ခက်ခက်ခဲခဲ ရယူထားရသော လွတ်လပ်ရေး၏တန်ဖိုးကို မျိုးဆက်အစဉ်အဆက် သိရှိနားလည်ရန်ကား အရေးကြီးဆုံးဖြစ်သည်။ တိုင်းတစ်ပါးလက်အောက်တွင် ဆိုးဆိုးရွားရွားနေခဲ့ရသည့်ဘဝမျိုး ယနေ့မျိုးဆက်သစ်တို့ မကြုံဖူးသော်လည်း အတိတ်ကမ္ဘာ့သမိုင်းသင်ခန်းစာများအရ အချုပ်အခြာ ဆုံးရှုံးခဲ့ရသော နိုင်ငံများမှ ပြည်သူများ၏ဘဝကို ဝင်ရောက်ခံစားကြည့်လျှင်လည်း သိနားလည်နိုင်မည်သာဖြစ်သည်။

ခက်ခဲစွာ ပေးဆပ်ရယူထားရသော ပစ္စည်းတစ်ခု၏ အနှစ်သာရနှင့် တန်ဖိုး ဟူသည် ဘယ်အရာနှင့်မှ လဲ၍မရပါ။ ရတနာသဖွယ်သဘောထား၍ တန်ဖိုးကို နားလည်မှသာ ထိန်းသိမ်းတတ်ပါမည်၊ စောင့်ရှောက်နိုင်စွမ်းရှိပါမည်။ ဆင်ခြင် တုံတရားပြည့်ပြီး အမြော်အမြင်လည်း ထပ်တူရှိနေမှသာ ပြီးပြည့်စုံခြင်းသို့ ရောက်ပါမည်။ ဆုံးရှုံးနိုင်ခြေအကြောင်းတရားများကို အခွင့်အလမ်းအဖြစ် မှတ်ယူ၍ ပညာဉာဏ်ဖြင့် ဖန်တီးနိုင်လျှင်ကား အားသာချက်များကို တည်ဆောက်ပြီးသားဖြစ်သွားပါမည်။ သို့မှသာ မိမိတို့ လက်ထက် တာဝန်ကျေစွာထိန်းသိမ်းထားသော လွတ်လပ်သောမြန်မာဆိုသည့် အမွေအနှစ်ကောင်းတစ်ခုကို နောင်မျိုးဆက်တို့ထံ အပြစ်အနာအဆာမရှိ လက်ဆင့် ကမ်းလွှဲပြောင်းပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## စိန်ရတု အောင်ပွဲမှသည်

❖ အားမာန်ဝင့်ကြွား၊ တို့များတပ်မတော်(ရေ)
ဖွားသစ်ထွန်းပေါက်၊ ပြည့်မြောက်စိန်ရတုပေ
အောင်ပန်းဖြာဝေ၊ ဘယာသွေ့ရှင်လန်း
သမိုင်းပေးတာဝန်၊ ကြိုးအားသွန်
ကျေပွန်နိုင်စွာ ထမ်းသည်နှင့်လေး။

❖ လေရိုင်းလှိုင်းကြမ်း၊ ဖြတ်သန်းအလီလီ
မုန်တိုင်းမိုးပြင်း၊ ဖြိုခွင်းဇွဲခိုင်ကျည်
လညောင်းနှစ်ရှည်၊ စစ်ချီ စစ်ထိုး
ခပ်သိမ်းရန်စွယ်၊ အမြစ်ပယ်
ကာကွယ် စောင့်ကြပ်မိုးသည်နှင့် လေး။

❖ ရေကြောင်းစိုးမိုး၊ ပြည်ကျိုးအတွက်ပင်
စွမ်းရည်ထက်မြက်၊ သုံးဖက်မြင်စစ်ဆင်
ခေတ်မီသစ်လွင်၊ ရေယာဉ်၊လက်နက်
ရေညီမှုသည်၊ ရေပြာဆီ
လှမ်းချီ အောင်ပွဲဆက်သည်နှင့်လေး။

❖ ရေပြင်ပိုင်နက်၊ တစ်လက်မ ထိမခံ
တိုက်ပွဲဝင်အသင့်၊ အဆင့်မြင့်စီမံ
လျော့ခွက်ချည်းကျန်၊ အလံမလှဲ
မြန်မာ့ပင်လယ်၊ တို့ကာကွယ်
ရင်ဝယ် စိတ္တန်မြဲသည်နှင့်လေး။

❖ စိန်ရတုအောင်ပွဲ၊ ဆင်နွှဲနောင်ညီတွေ
အနာဂတ်လမ်း၊ ဖြောင့်တန်းသာပါစေ
အောင်ပန်းဆင့်ဝေ၊ ပန်ခြေတောင်းဆု
ကမ္ဘာ့အဆင့်မီ၊ ရေကြောင်းချီ
မှန်းရည် လုံ့လပြုပါစို့လေး။

❖ ထံတျာ တေးအနု၊ မနေ့ယခုစာစီ မြတ်အဖော်ဆွေ။
မှန်စွာ တွေးရှု၊ အလေးပြုပါသည် တပ်မတော်(ရေ)။ ။

ဇော်မင်းမင်းဦး

## ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့အလုပ်အမှုဆောင်များနှင့် ခရိုင်အဆင့်ဥက္ကဋ္ဌများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ အဆိုပါအဖွဲ့(ဗဟို)အစည်းအဝေးခန်းမ၌ပြုလုပ်သည်။

ရှေးဦးစွာသဘာပတိအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ငွေးကအဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌများက ဆက်လက်ပြောကြားခဲ့ကြသည်။

ဆက်လက်၍ အဖွဲ့အထွေထွေအတွင်းရေးမှူး ဦးအောင်မျိုးသန့်က နှုတ်ခွန်းဆက်စကားပြောကြား၍ ပြီးခဲ့သောလများကဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသောခရိုင်ဥက္ကဋ္ဌများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ဥက္ကဋ္ဌ ဦးခင်မောင်ငွေးက အစားထိုးခန့်အပ်ခံရသူတစ်ဦးချင်းစီသို့ မှတ်တမ်းလွှာများကို ပေးအပ်ခဲ့သည်။

အစည်းအဝေးတွင် ဘဏ္ဍာငွေရှာဖွေရေးကိစ္စ၊ အမှုဆောင်များလစဉ်တွေ့ဆုံစည်းဝေးနိုင်ရေး ကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ကြပြီး သဘာပတိ ဦးခင်မောင်ငွေးက နိဂုံးချုပ်စကားပြောကြားခဲ့သည်။

တင်ဝင်းတင်

# အမေရိကန်ကွန်ဂရက်အဆောက်အအုံအား ဝင်ရောက်စီးနင်းမှုအပေါ် သမ္မတဟောင်း ဒေါ်နယ်ထရမ့် အပြည့်အဝတာဝန်ရှိဟု အမေရိကန်လွှတ်တော်အထူးကော်မတီ ပြောကြား

**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် ပြီးခဲ့သည့်နှစ် ဇန်နဝါရီ ၆ ရက်တွင် ၎င်း၏ထောက်ခံသူများက အမေရိကန် ကွန်ဂရက်အဆောက်အအုံအား ဝင်ရောက်စီးနင်းမှုအတွက် အပြည့်အဝတာဝန်ရှိကြောင်း အမေရိကန်လွှတ်တော် အထူးကော်မတီက ယမန်နေ့တွင် ကောက်ချက်ချခဲ့သည်။

အဆိုပါဖြစ်ရပ်ကို စုံစမ်းစစ်ဆေးနေသည့် အောက်လွှတ်တော်ကော်မတီက ၎င်း၏ နောက်ဆုံးအစီရင်ခံစာကို ဒီဇင်ဘာ ၂၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီး သမ္မတဟောင်း ထရမ့်သည် ၂၀၂၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲ တရားဝင်ရလဒ်များကို အသာစီးရရှိရန် ဘက်စုံပူးပေါင်းကြံစည်မှုတွင် ပါဝင်ပတ်သက်နေသည်ဟု စွပ်စွဲခဲ့သည်။

စာမျက်နှာ ၈၅၀ နီးပါးရှိသည့် အစီရင်ခံစာတွင် ထရမ့်သည် ရွေးကောက်ပွဲဆိုင်ရာ လိမ်လည်စွပ်စွဲချက်များကို မည်ကဲ့သို့ ဆောင်ရွက်ခဲ့သည်ဆိုသည့် အသေးစိတ်အချက်အလက်များ ပါဝင်သည်။




အခန်း ရှစ်ခန်းပါ စာတမ်းတွင် ပြည်နယ်ရွေးကောက်ပွဲအရာရှိများနှင့် တရားရေးဌာနအကြီးတန်း အရာရှိများအား ရွေးကောက်ပွဲဆိုင်ရာရလဒ်ကို ပြောင်းလဲထုတ်ပြန်ပေးရန် ထရမ့်က မည်ကဲ့သို့ ဖိအားပေးခဲ့သလဲဆိုသည်နှင့်ပတ်သက်ပြီး အသေးစိတ် ဖော်ပြထားသည်။

ထရမ့်သည် အဆိုပါ အမေရိကန်ကွန်ဂရက် အဆောက်အအုံအား ဝင်ရောက်စီးနင်းမှုကို ရုပ်မြင်သံကြားပေါ်တွင် ကြည့်ရှုခဲ့သော်လည်း ၎င်း၏ ထောက်ခံသူများကို တားဆီးရန် မည်သည့်ဆောင်ရွက်ချက်မှ လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထရမ့်သည် ငြိမ်းချမ်းသော အာဏာအကူးအပြောင်းကို ဟန့်တားရန် ကြိုးစားခဲ့ကြောင်းနှင့် တော်လှန်ရန် လှုံ့ဆော်မှုအပါအဝင် ရာဇဝတ်မှု လေးခုဖြင့် စွဲချက်တင်သင့်သည်ဟု ကော်မတီက ကောက်ချက်ချခဲ့သည်။

ယင်းအစီရင်ခံစာတွင် လာမည့်အနာဂတ် ရွေးကောက်ပွဲရလဒ်များကို မှန်ကန်စွာ ထုတ်ပြန်နိုင်ရန် ပိုမိုအားကောင်းသည့် ဥပဒေလုပ်ထုံးလုပ်နည်းများကို တောင်းဆိုထားကြောင်း သိရသည်။

ကော်မတီသည် တစ်နှစ်ခွဲကျော်ကြာ အဖြစ်အပျက်နှင့် ပတ်သက်၍ မျက်မြင်သက်သေ ၁၀၀၀ ကျော်ကို တွေ့ဆုံမေးမြန်းခဲ့သည်။ သို့သော် သမ္မတဟောင်း ထရမ့်က ၎င်းအားဆင့်ခေါ်မှုများကို လျစ်လျူရှုခဲ့သည်။

ကော်မတီသည် ဆန္ဒပြရသည့် အကြောင်းရင်းကို လေ့လာရန် ပျက်ကွက်ခဲ့ပြီး ယင်းအစီရင်ခံစာသည် အပြစ်ပေးရန် ကြိုးပမ်းမှုမျှသာဖြစ်ကြောင်း ထရမ့်က လူမှုမီဒီယာတွင် ရေးသားခဲ့သည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**



# ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ယိမြို့နှင့် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တို့အကြား ပထမဆုံးလေကြောင်းခရီးစဉ် အောင်မြင်စွာ စတင်ပြေးဆွဲ

**ဖနောင်ပင် ဒီဇင်ဘာ ၂၃**

ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ယိမြို့နှင့် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တို့အကြား ပထမဆုံး လေကြောင်းခရီးစဉ်ကို အောင်မြင်စွာစတင်ပြေးဆွဲနိုင်ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံမှ အမျိုးသားလေကြောင်းလိုင်းဖြစ်သည့် Cambodia Angkor Air (CAAir) က ဒီဇင်ဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ယင်းလေကြောင်းခရီးစဉ်သည် ကမ္ဘောဒီးယားနိုင်ငံဆီရမ်ယိ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဒီဇင်ဘာ ၂၂ ရက်တွင် ခရီးသည် ၆၈ ဦးဖြင့် စတင်ပျံသန်းထွက်ခွာခဲ့ပြီး ဟနွိုင်းမြို့ရှိ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ၎င်းနေ့တွင်ပင် ဆိုက်ရောက်ခဲ့ကာ ခရီးသည် ၈၁ ဦးကို ပြန်လည်တင်ဆောင်၍ ဆီရမ်ယိမြို့သို့ ပြန်လည်ထွက်ခွာပျံသန်းခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ပိုင်းဒေသတွင်တည်ရှိသည့် ဆီရမ်ယိပြည်နယ်သည် နာမည်ကျော် အန်ကော ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတည်ရှိခြင်းကြောင့် ထင်ရှားသည့် ကမ္ဘာလှည့်ခရီးသည်ဆိုင်ရာ အပန်းဖြေနေရာတစ်ခုဖြစ်သည်။ ထို့ပြင် Cambodia Angkor Air (CAAir)သည် ဗီယက်နမ်နိုင်ငံသို့ ပြေးဆွဲသည့်လေကြောင်းခရီးစဉ်များအဖြစ် ဆီရမ်ယိနှင့် ဟိုချီမင်းစီးတီးတို့အကြား တစ်နေ့လျှင် လေကြောင်းခရီးစဉ် နှစ်ကြိမ်၊ ဆီရမ်ယိနှင့် ဒါနန်းအကြား တစ်နေ့လျှင် လေကြောင်းခရီးစဉ် တစ်ကြိမ်၊ ဖနောင်ပင်နှင့် ဟနွိုင်းအကြား တစ်ပတ်လျှင်လေကြောင်းခရီးစဉ် သုံးကြိမ် စသည့်ပုံမှန်ခရီးစဉ်များကို ပြေးဆွဲနေကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အီရန်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် လုပ်ရပ်များကို လက်မခံဟု အီရန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

**တီဟီရန် ဒီဇင်ဘာ ၂၃**

အီရန်နိုင်ငံ၏ ပြည်တွင်းရေးများကို ဝင်ရောက်စွက်ဖက်သည့် ဥရောပနိုင်ငံများ၏ တစ်ဖက်သတ်လုပ်ရပ်များကို လက်မခံကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဟူစိန် အန်မာအဒိုလာဟင်က ဒီဇင်ဘာ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

အထက်ပါပြောကြားချက်များအား စပိန်နိုင်ငံခြားရေးဝန်ကြီး ဂျို့စ်မန်နူရယ်အယ်လ်ဘေးရက်နှင့် တွေ့ဆုံဆွေးနွေးစဉ် အဒိုလာဟင်က ပြောကြားခဲ့ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်မှ ထုတ်ပြန်ချက်အရ သိရသည်။ အီရန်နိုင်ငံအား အမျိုးသမီးများဆိုင်ရာကော်မရှင်မှ ထုတ်ပယ်ခဲ့သည့် အနောက်နိုင်ငံများ၏လုပ်ရပ်အား ရှုတ်ချကြောင်းနှင့် ထိုသို့ဆောင်ရွက်ခြင်းဖြင့် အီရန်နှင့် အနောက်နိုင်ငံများအကြား ဆွေးနွေးမှုကို ပျက်ပြားစေကြောင်း အဒိုလာဟင်က ပြောကြားသည်။

အီရန်နှင့် စပိန်နိုင်ငံတို့အကြား လာမည့်နှစ်တွင် ဆက်ဆံရေး တိုးမြှင့်သွားရန် ရည်ရွယ်ကြောင်း အဒိုလာဟင်က ပြောကြားခဲ့ပြီး အပြန်အလှန်အားဖြင့် အီရန်နှင့် ဆက်ဆံရေးတိုးမြှင့်သွားရန် စပိန်အစိုးရက ရည်ရွယ်ထားကြောင်း အယ်လ်ဘေးရက်ကလည်း ပြောကြားသည်။

အမေရိကန်၏ စီစဉ်မှုဖြင့် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီက အီရန်အား အမျိုးသမီးများဆိုင်ရာကောင်စီမှ ဒီဇင်ဘာ ၁၄ ရက်တွင် ထုတ်ပယ်ခဲ့ကြောင်း သိရသည်။ အမေရိကန်နှင့် အနောက်နိုင်ငံများသည် အီရန်နိုင်ငံအတွင်း၌ မငြိမ်မသက်ဖြစ်စေရေးအတွက် ဆောင်ရွက်နေကြောင်း အီရန်က ပြစ်တင်ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဂျပန်နိုင်ငံ၌ ဆီးနှင်းများထူထပ်စွာကျဆင်းမှုနှင့် ဆက်စပ်သည့် ဘေးအန္တရာယ်များကြောင့် ရှစ်ဦးထက်မနည်း သေဆုံး

**တိုကျို ဒီဇင်ဘာ ၂၃**

ဂျပန်ပင်လယ်ပြင်တစ်လျှောက်ရှိ ဒေသများ၌ မကြာသေးမီက ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုနှင့် ဆက်စပ်သည့် ဘေးအန္တရာယ်များကြောင့် အနည်းဆုံး ရှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း မီးသတ်နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေး အေဂျင်စီက ယနေ့ပြောကြားသည်။

ယနေ့နံနက် ၈ နာရီအထိ နှင်းမုန်တိုင်းကြောင့်အခြား ၄၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း အေဂျင်စီက ဆက်လက်ပြောသည်။

နီဂါတာစီရင်စုရှိ ကာရှိဝါဇာကီမြို့၌ ဆီးနှင်းများဖုံးလွှမ်းနေသော ကားထဲတွင် အသက် ၂၀ အရွယ် အမျိုးသမီးတစ်ဦး သေဆုံးနေသည်ကို ဒီဇင်ဘာ ၂၀ ရက်က တွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ကား၏ အိတ်ဇောပိုက်ကို ဆီးနှင်းများ ပိတ်ဆို့ပြီးနောက် ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်၍ သေဆုံးသွားသည်ဟု ၎င်းတို့က ခန့်မှန်းပြောကြားသည်။

နီဂါတာစီရင်စုတွင် အသက် ၈၀ ကျော် သုံးဦးသည် ၎င်းတို့၏ အိမ်ပတ်ဝန်းကျင်မှ နှင်းများကို ရှင်းလင်းလျက်ရှိစဉ် ယာဉ်မတော်တဆမှုကြောင့် သေဆုံးခဲ့သည်။

ဂျပန်နိုင်ငံမြောက်ပိုင်း အာကီတာစီရင်စုတွင် နှင်းများအောက်၌ နစ်မြုပ်နေသည့် အသက် ၈၀ အရွယ် အမျိုးသားတစ်ဦးကို ဒီဇင်ဘာ ၂၁ ရက်က တွေ့ရှိခဲ့သည်။

ထို့ပြင် အဆိုပါစီရင်စု၌ အသက် ၇၀ အရွယ် အခြားအမျိုးသားတစ်ဦးသည် ဒီဇင်ဘာ ၁၉ ရက်တွင် ၎င်း၏အိမ်ခေါင်မိုးပေါ်မှ ဆီးနှင်းများကို ရှင်းလင်းလျက်ရှိစဉ် သေဆုံးခဲ့သည်။

ဟော့ကိုင်းဒိုး၊ အာကီတာ၊ ယာမာဂါတာ၊ နီဂါတာနှင့် အီရှီကာဝါစီရင်စုတို့တွင် သေဆုံးသူ ရှစ်ဦး တွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ထို့ပြင် အဆိုပါစီရင်စုများ၌ ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုနှင့် ဆက်စပ်သည့် မတော်တဆမှုများကြောင့် ၁၉ ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရခဲ့ပြီး ၂၆ ဦး ဒဏ်ရာအနည်းငယ် ရရှိခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ထိုင်းနိုင်ငံတောင်ပိုင်း၌ ရေကြီးရေလျှံမှုဖြစ်ပွား

**ဗန်ကောက် ဒီဇင်ဘာ ၂၃**

ထိုင်းနိုင်ငံတောင်ပိုင်း၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် အိမ်ထောင်စု နှစ်သိန်းကျော် ထိခိုက်ခံစားခဲ့ရကြောင်း တာဝန်ရှိသူများက ဒီဇင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

လက်ရှိအချိန်တွင် အခင်းဖြစ်ပွားရာဒေသများရှိ ရေနုတ်မြောင်းများ ကောင်းမွန်လာစေရေးနှင့် ရေဘေးဒုက္ခသည်များအား ကယ်ဆယ်ရေး ဆောင်ရွက်လျက်ရှိပြီး အခင်းဖြစ်ဒေသများ၌ ရေကြီးရေလျှံမှုများအား ထိန်းချုပ်နိုင်နေပြီဖြစ်ကြောင်း သဘာဝဘေးကာကွယ်ရေးနှင့် လျော့ပါးသက်သာရေးဌာနက ပြောကြားသည်။ အဆိုပါ ရေကြီးရေလျှံမှုဖြစ်စဉ်အတွင်း ပြည်နယ် ခြောက်ခုရှိ ခရိုင် ၅၇ ခုမှ အိမ်ထောင်စု ၂၁၀၅၅၂ စု ထိခိုက်ခဲ့ကြောင်း သိရသည်။

အဆိုပါရေကြီးရေလျှံမှုဖြစ်စဉ်အတွင်း သေဆုံးခဲ့သည့် ရုပ်အလောင်း ခြောက်လောင်းအား ဒီဇင်ဘာ ၂၁ ရက်က ပြန်လည်ဆယ်ယူရရှိခဲ့ကြောင်း သိရသည်။ ထိုင်းပင်လယ်ကွေ့နှင့် နိုင်ငံတောင်ပိုင်းဒေသများသို့ မုတ်သုံရာသီဥတုဝင်ရောက်လာချိန်မှစတင်၍ နိုင်ငံအတွင်း ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများနှင့် လေပြင်းများတိုက်ခတ်ခြင်းစသည့် ရာသီဥတုအခြေအနေများ ဖြစ်လာကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



# ချောင်းဦးမြို့နယ် တောပုကျေးရွာရှိ ဘုရားကြီးဘုန်းတော်ကြီးကျောင်းအား PDF အမည်ခံ အကြမ်းဖက်သမားများက Drone အသုံးပြု၍ Drop Bomb နှစ်လုံး ပစ်ချဖောက်ခွဲမှုကြောင့် ဒေသခံပြည်သူ အမျိုးသမီး ၁၀ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှု ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ရဟန်းသံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့အရပ်သားပြည်သူများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် တောပုကျေးရွာရှိ ဘုရားကြီးဘုန်းတော်ကြီးကျောင်းသို့ NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက Drone ဖြင့် Drop Bomb နှစ်လုံးအား ပစ်ချဖောက်ခွဲ တိုက်ခိုက်ခဲ့သဖြင့် အဆိုပါ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် သန့်ရှင်းရေးဆောင်ရွက်နေသည့် အသက်ရှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ အမျိုးသမီး ၁၀ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ချောင်းဦးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်မှုများ၌ ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် ယခုကဲ့သို့ NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ လူမဆန်သည့်အကြမ်းဖက်လုပ်ရပ်များအား ဒေသခံပြည်သူများက ရှုံ့ချ မုန်းတီးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

တောပုကျေးရွာရှိ ဘုရားကြီးဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ Drop Bomb နှစ်လုံး ဖြုတ်ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ




# ကော့ကရိတ်မြို့ ခင်နိမ်းမူဂိတ်(၃)သို့ KKO (ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်၊ အပြစ်မဲ့ပြည်သူ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၇) ရပ်ကွက်ရှိ ခင်နိမ်းမူဂိတ်(၃)၌ လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဒီဇင်ဘာ ၂၂ ရက်တွင် KKO (ခွဲထွက်) အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဂိတ်အနီး အမှတ်(၇)ရပ်ကွက်အတွင်းသို့ ဗုံးသီးများ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ဒေသခံပြည်သူ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကော့ကရိတ်မြို့ ခင်နိမ်းမူဂိတ်(၃)၌ လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တပ်ဖွဲ့ဝင်များကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်ခန့်တွင် KKO(ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဂိတ်၏အရှေ့မြောက်ဘက် မီတာ ၂၀၀ ခန့်နှင့် မီတာ ၃၀၀ ခန့်အကွာနေရာများမှနေ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ အဆိုပါ အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည်များသည် ဂိတ်အနီးရှိ အမှတ်(၇)ရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဒေသခံပြည်သူ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုပေးခဲ့ပြီး ၎င်းမှတစ်ဆင့် တောင်ကလေးမြို့ နယ်မြေခံတပ်မတော်ဆေးရုံသို့ ဆက်လက်ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိသည်။

အထက်ပါဖြစ်စဉ်တွင် အကြမ်းဖက်သမားများနှင့် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ရောင်းစားပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ရောင်းစားပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်နေ ဒေါ်မိညွှပ်(ခ) ဒေါ်ဝင်းတင်က လိပ်စာတူနေ မ ---၊ ၁၉ နှစ်အား မူဆယ်မြို့ရှိ အထည်ဆိုင်တွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ် နှစ်သိန်း ရမည်ဟု စည်းရုံးပြောဆို၍ တရုတ်နိုင်ငံသို့ခေါ်ဆောင်ကာ တရုတ်မယားအဖြစ် ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ကျောင်းကုန်းမြို့မရဲစခန်းက (ပ)၄၇၄/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုရေးဖွင့်၍ ကျုံပျော်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၁ ရက်တွင် တရားခံ ဒေါ်မိညွှပ်(ခ) ဒေါ်ဝင်းတင်ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ်လူသစ် ဘဝသစ်**



## ညောင်လေးပင်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် သရုပ်ပြလေ့ကျင့်

**ညောင်လေးပင် ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့မွန်းလွဲ ၃ နာရီက မြို့မဈေးကြီးရှေ့၌ ဆောင်ရွက်သည်။

ပထမဦးစွာ မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးစီးအရာရှိ ဦးကိုကိုဌေးက မီးလောင်ကျွမ်းမှုဖြစ်ပွားပါက ပြုလုပ်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး ရေစိုဝတ်ဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ခြင်းတို့အား ဆက်လက်သရုပ်ပြခဲ့ရာ ဈေးသူဈေးသားများက ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ခြင်းအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ခင်အေးဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူ ဈေးသားများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

**ဟိန်းသူနိုင်(ပြန်/ဆက်)**

## အမရပူရမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းရာ တစ်ဧက (အစို) ၈၉ ဒသမ ၈၄ တင်း ထွက်ရှိ

**မန္တလေး ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနက မြို့နယ်အတွင်း စိုက်ပျိုးထားသော မိုးစပါးတစ်ဧက ပျမ်းမျှအထွက်နှုန်း သိရှိနိုင်ရန် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က ပြည်လုံးကျော်ကျေးရွာအုပ်စု ကွင်းအမှတ်(၅၇၈-က) ကွင်း၊ ကွင်းအမည် - မင်းစုကွင်း၊ ဦးပိုင်အမှတ် (၁၅၀/၁)၊ ဧရိယာ ၃ ဒသမ ၀၅ ဧကရှိ တောင်သူ ဦးမြင့်ကြိုင်၏လယ်မြေပေါ်တွင် စိုက်ပျိုးထားရှိသော မိုးစပါး (ရောမင်း)စိုက်ခင်း စံကွက်ရိတ်သိမ်းပွဲကျင်းပခဲ့ကြသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးသိန်းဝင်း၊ အမရပူရမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးမျိုးမော်နှင့် ဝန်ထမ်းများ၊ အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက စံကွက်ကိုရိတ်သိမ်းခဲ့ကြသည်။

အဆိုပါစံကွက်မှ တစ်ဧကလျှင် အစိုထွက် ၈၉ ဒသမ ၈၄ တင်း ထွက်ရှိကြောင်း သိရသည်။

**စိုးသီဟ(အမရ)**



# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥဩဿျောင်ရပ်ကွက်နေ အေးသီရိမိုး(ခ) အေးအေးသည် ၎င်းအသုံးပြုသည့် “Aye Thiri Moe” Facebook အကောင့်၊ ညောင်ဦးမြို့ အမှတ်(၁)ရပ်ကွက်နေ ဝတ်ရည်ထွန်းသည် ၎င်းအသုံးပြုသည့် “Wutt Ye Htun” Facebook အကောင့်၊ မွန်ပြည်နယ် မော်လမြိုင်မြို့ အောက်ကျင်းရပ်ကွက်နေ ဘိုဌေးသည် ၎င်းအသုံးပြုသည့် “Bo Htay” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တော်လတီကျေးရွာနေ ကြည်ဇင်ခန့်သည် ၎င်းအသုံးပြုသည့် “Kyi Zin Khant” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ ပုသိမ်မြို့နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်များနှင့်အတူ လက်ရည်တစ်ပြင်တည်း သုံးဆောင်နေစဉ်။

## တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ်(Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာ သုံးဆောင်ကြသည်။

ထို့အတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အုတ်ဖိုမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေး

**အုတ်ဖို ဒီဇင်ဘာ ၂၃**

သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ပြည်သူ့ဆေးရုံတွင် ဒီဇင်ဘာ ၂၁ ရက်က မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးသက်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက စစ်ဆေးကုသပေးကာ သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပြီး လစဉ် ၂၁ ရက်နေ့တိုင်း အခမဲ့စစ်ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူကြမည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအနေဖြင့် လစဉ် ၂၁ ရက်နေ့ရောက်တိုင်း သက်ဆိုင်ရာမြို့နယ်ပြည်သူ့ဆေးရုံကြီးများသို့ သွားရောက်ပြီး ဆေးကုသမှုခံယူနိုင်ကြောင်း သိရသည်။

**အောင်သူ (ပြန်/ဆက်)**



## မိုးညိုမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေး

**မိုးညို ဒီဇင်ဘာ ၂၃**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုအရ မိုးညိုမြို့ ပြည်သူ့ဆေးရုံတွင် ယမန်နေ့နံနက် ၉ နာရီခွဲက အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။



ထိုသို့အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မိုး ဦးဆောင်၍ ကျန်းမာရေး ဝန်ထမ်းများက အငြိမ်းစား ဝန်ထမ်းများအား ကိုယ်အလေးချိန်နှင့်အရပ်တိုင်းတာပေးခြင်း၊ ဆီးချိုသွေးချိုတိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်ခြင်း၊ သွားနှင့်ခံတွင်းစစ်ဆေးပေးခြင်းနှင့် ဖြစ်ပွားနေသည့်ရောဂါများအလိုက် စမ်းသပ်စစ်ဆေးပေးပြီး လိုအပ်သောဆေးဝါးနှင့် ကုသခြင်းများကို(အခမဲ့) စစ်ဆေးဆောင်ရွက် ကုသပေးလျက်ရှိကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

## ကျောင်းကုန်းမြို့နယ်၌ နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးရေး ချေးငွေများ စတင်ထုတ်ချေး

**ကျောင်းကုန်း ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးရေး ချေးငွေပေးအပ်ပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဆိပ်ဖူးနီကျေးရွာအုပ်စုမှ တောင်သူ ၁၀ ဦး၊ လယ်မြေ ၁၀ ဧကနှင့် ကျောင်းအိုင်ကျေးရွာအုပ်စုမှ တောင်သူ ခြောက်ဦး၊ လယ်မြေ ခြောက်ဧကတို့အား တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၄၀၀၀၀၀ ထုတ်ချေးပေးခဲ့သည်။

အဆိုပါ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေး ချေးငွေပေးအပ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောင်းကုန်းမြို့နယ် ဘဏ်ခွဲမန်နေဂျာ ဦးဝေလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ချေးငွေထုတ်ချေးပေးရန် အဆိုပြုလာပါက ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

သင့်ကျန်းမာရေးအတွက်
နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ







ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံတွင် လက်ရှိအသုံးပြုလျက်ရှိသော အချိုးကျ ကိုယ်စားပြုစနစ်၏ အဓိပ္ပာယ် ဖွင့်ဆိုချက်များနှင့် ဆောင်ရွက်ပုံ နည်းလမ်းများ အကြောင်း၊ အခြေခံရွေးကောက်ပွဲစနစ်များအကြောင်း၊ မြန်မာနိုင်ငံနှင့် အချိုးကျကိုယ်စားပြုစနစ် အကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ပညာအရည်အချင်း သတ်မှတ်ချက်များ အကြောင်း စသည်တို့ကို လေ့လာရေးသား ဖော်ပြထားသည့်အပြင် အာရှနိုင်ငံ ၁၇ နိုင်ငံ၊ ဥရောပနိုင်ငံ ၁၀ နိုင်ငံ၊ တောင်အမေရိကနိုင်ငံ နှစ်နိုင်ငံနှင့် အာဖရိကနိုင်ငံ နှစ်နိုင်ငံ စုစုပေါင်းနိုင်ငံ ၃၁ နိုင်ငံတို့၏ ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းပုံများ၊ ရွေးကောက်ပွဲကျင်းပပုံနည်းလမ်းများ၊ ရွေးကောက်တင်မြှောက်ရာတွင် အသုံးပြုသည့် နည်းစနစ်များ၊ မဲရေတွက်ခြင်းနည်းလမ်းများနှင့် လွှတ်တော်ဖွဲ့စည်းပုံများ၊ အစိုးရဖွဲ့စည်းပုံများကို တစုတစည်းတည်း ဖတ်ရှုလေ့လာနိုင်သည့် ဖော်ပြပါစာအုပ်များကို ပြုစုထုတ်ဝေထားပြီး ဖြစ်ပါသည် –

**၁။ ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း အတွဲ(၁)**

**၂။ ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း အတွဲ(၂)**

ဝယ်ယူလိုသူများအနေဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးစာပေဗိမာန်အရောင်းဆိုင်များ၊ ရုံးအမှတ်(၂၂) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် တစ်အုပ်လျှင် ငွေကျပ် ၅၀၀၀ိ/- (ကျပ်ငါးထောင်နှုန်း)ဖြင့် ဆက်သွယ်ဝယ်ယူနိုင်မည် ဖြစ်ပါသည်။

**အသေးစိတ်သိရှိလိုပါက ဖုန်း => ၀၆၇-၃၄၀၄၃၁၃ ၊ ၀၆၇-၃၄၀၄၂၄၀**

## ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး စာအုပ်များပေးအပ်လှူဒါန်း

ပုဗ္ဗသီရိ ဒီဇင်ဘာ ၂၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် သုတ/ရသစာအုပ်များ လှူဒါန်းပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးထွန်း(ကျယ်ဂေါင်)တို့က အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက စာအုပ်စာစောင်များ လှူဒါန်းပေးသည့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပြီး ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များထံ သုတ/ရသစာအုပ်မျိုးစုံ ၁၆၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။



**သားငယ်(ပုဗ္ဗသီရိ)**

## ဇဟန်းမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

(၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇဟန်းမြို့နယ်၌ ဖူဆယ်ဘောလုံး၊ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ စက်ဘီးစီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဇဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုလတ်က အားကစားပြိုင်ပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အခမ်းအနားတက်ရောက်လာကြသောတာဝန်ရှိသူများက အားကစားပြိုင်ပွဲအသီးသီး၌ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ဇဟန်း) ဘင်ခရာတီးဝိုင်းအဖွဲ့အား ဂုဏ်ပြုဆုငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

အဆိုပါ ပြိုင်ပွဲများကို နေ့စဉ်ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားကာ ဆုချီးမြှင့်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၀ | ၂၀၂၀ | ၂၀၁၅ | ၁၉၈၀ | ၂၀၁၅ | ၂၀၄၀ | ၂၀၂၅ | ၂၀၀၅ | ၂၁၀၀ | ၂၁၁၅ | ၂၀၁၀ | ၂၀၂၀ | ၂၀၅၅ | ၂၀၅၅ | ၂၀၅၅ | ၂၂၇၅ | ၂၇၆၀ |
| 95 Ron | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၀ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၅ | ၂၁၁၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၆၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၀၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၀ | ၂၆၀၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၃၈၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၁၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၅ | ၂၄၂၅ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၃၈၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၁၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၅ | ၂၄၂၅ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၅ | ၁၉၄၆ |
| 95 Ron | ၁၉၅၇ | ၂၀၂၉ |
| HSD (500 ppm) | ၂၁၉၅ | ၂၂၆၈ |
| HSD (50 ppm) | ၂၂၆၈ | ၂၃၄၃ |
| HSD (10 ppm) | ၂၂၆၈ | ၂၃၄၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရခိုင်ပြည်နယ် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေး အစည်းအဝေး ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၂၃**

ရခိုင်ပြည်နယ် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ ပြည်နယ်အဆင့်လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ ပြည်နယ်အဆင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုများ ပြန်လည်ရရှိလာပြီဖြစ်သည့်အတွက် ပြည်တွင်းမှ ခေတ္တနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာပါလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လတ်တလောကာလအတွင်း မြေပုံမြို့နယ်၊ အမ်းမြို့နယ်နှင့် ကျောက်တော်မြို့နယ်တို့မှ ခေတ္တနေရပ်စွန့်ခွာခဲ့ကြသည့် တိုင်းရင်းသားပြည်သူများအား ၎င်းတို့၏ မူလနေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရ၊ ပြည်နယ်အဆင့် လုပ်ငန်းကော်မတီအတွင်းရေးမှူးများနှင့် Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည့် ခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြသည်။



ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## သတင်းကြေညာချက်

၁။ နိုင်ငံတကာဆက်သွယ်ရေးဆက်ကြောင်းအဖြစ် အသုံးပြုနေသည့် SEA–ME–WE 3(South East Asia–Middle East–Western Europe 3) အာရှ–ဥရောပရေအောက်ကေဘယ် ဆက်သွယ်ရေးစနစ်သည် (၅–၁၁–၂၀၂၂)ရက်နေ့ (၁၇:၃၄)နာရီအချိန်တွင် ဖျာပုံမြို့ရှိ ရေအောက်ကေဘယ်စခန်းမှ ၁၁၀ ကီလိုမီတာအကွာခန့်၌ ပြတ်တောက်မှုဖြစ်ပေါ်ခဲ့ပါသဖြင့် ပြုပြင်နိုင်ရန်အတွက် ရေအောက်ကေဘယ်ပြုပြင်ရေးသင်္ဘော ASEAN RESTORER ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၇.၀၅၉ မိနစ် ၀၀.၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၅ ဒီဂရီ ၄၆.၄၃၇ မိနစ် ၀၀.၀၀ စက္ကန့် အတွင်းတွင် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ SEA–ME–WE 3 အာရှ–ဥရောပရေအောက်ကေဘယ် ချို့ယွင်းမှုကို ပြုပြင်နိုင်ရန်အတွက် ရေအောက်ကေဘယ်ပြုပြင်ရေးသင်္ဘော ASEAN RESTORER ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်း အောင်မြင်စွာပို့ချနိုင်ရေး လေကျင့်ခြင်းနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းသင်တန်း ပြုလုပ်

**မူဆယ် ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စုပေါင်းရုံးခန်းမ၌ မြို့နယ်အဆင့်(Working Group)မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်း အောင်မြင်စွာပို့ချနိုင်ရေး လေကျင့်ခြင်းနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းသင်တန်းကို ယနေ့ပြုလုပ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် မူဆယ်ခရိုင်မြေပြင်ကွင်းဆင်းကောက်ယူရေးကော်မတီ(Working Group) အတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မူဆယ်ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းက မူဆယ်၊ နမ့်ခမ်း၊ မုံးကိုး၊ မန့်ဟီးရိုး၊ ပန်ဆိုင်း(ကြူကုတ်)မြို့နယ်များမှ ဝန်ထမ်းများ မြို့နယ်အဆင့်စာရင်းကောက်ယူနိုင်ရေးနှင့် သင်တန်းအောင်မြင်စွာပို့ချနိုင်ရေး ဆွေးနွေးပြောကြားသည်။



**အရေးပါသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်**

ဆက်လက်ပြီး မူဆယ်မြို့နယ်ဦးစီးမှူး ဦးစန်းလွင်နှင့် နမ့်ခမ်းမြို့နယ်ဦးစီးမှူး ဦးစန်းနိုင်တို့က သင်တန်းများဖွင့်လှစ်ရန် ဆောင်ရွက်ထားမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြရာ မူဆယ်ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းက မြေပြင်ကွင်းဆင်းဆောင်ရွက်မှုလုပ်ငန်းသည် နိုင်ငံတော်အတွက် အရေးပါသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ မြို့နယ်အဆင့်သင်တန်းတွင် မြေပြင်ကွင်းဆင်းကောက်ယူမည့် တာဝန်ပေးအပ်ထားသူများ နားလည်တတ်မြောက်အောင် သင်ကြားပေးရန် ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်း ၃၇ ဦးနှင့် ကွန်ပျူတာ လုပ်အားပေး ၁၇ ဦး စုစုပေါင်း ၅၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

# ပန်းတောင်းမြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံး၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

**ပန်းတောင်း ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် စာရေးဆရာအသင်းနှင့် မြို့မစာကြည့်တိုက်ကော်မတီတို့ပူးပေါင်း၍ (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကဗျာ၊စာစီစာကုံး၊ဉာဏ်စမ်းပဟေဠိပြိုင်ပွဲအား ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီက မြို့မစာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ပန်းတောင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများဖြစ်သော အထက – ပန်းတောင်း၊ အထက – ဂုံညှင်းတန်း၊ အထက(ခွဲ) – ပေကုန်း၊ အလက – ရွှေဘုံသာ၊ အလက – လယ်တီ၊ အလက – ဆင်တဲ၊ အမက(မူလွန်)–ကြခတ်၊အလက–ဝန်လိုနှင့် ရွှေကျောင်းကုန်းပရဟိတကျောင်းများမှ ကဗျာပြိုင်ပွဲတွင် ၃၀၊ စာစီစာကုံးပြိုင်ပွဲတွင် ၂၄ ဦး၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ၁၅ ဦး စုစုပေါင်း ၆၉ ဦး ဝင်ရောက်ဖြေဆိုယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့်ကျောင်းသား ကျောင်းသူ ၆၉ ဦးအား မြို့နယ်စာရေးဆရာအသင်းနှင့် မြို့မစာကြည့်တိုက်ကော်မတီများမှ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ကဗျာရေးစပ်နည်းစာအုပ်များ ပေးအပ်ချီးမြှင့်ပြီးဆုရရှိသူများအား ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

**အောင်မြင့်(ပန်းတောင်း)**

*** ကာရာဘောင်ဖလားမှ**

ကာရာဘောင်ဖလားချန်ပီယံဆုဖလားကို ရှစ်ကြိမ်အထိ ဆွတ်ခူးထားတဲ့ မန်စီးတီးအသင်းနဲ့ လီဗာပူးအသင်းတို့ရဲ့ ကာရာဘောင်ဖလားပွဲစဉ်မှာ မန်စီးတီးအသင်းက သုံးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၀ မိနစ်မှာ ဟာလန်းက တစ်ဂိုး၊ ၄၇ မိနစ်မှာ မာရက်ဇ်ကတစ်ဂိုးနဲ့ ၅၈ မိနစ်မှာ နက်သန်အကဲက တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ လီဗာပူးအသင်းအတွက် ချေပဂိုးနှစ်ဂိုးကိုတော့ မိနစ် ၂၀ မှာ ကာဗယ်ဟိုက တစ်ဂိုးနဲ့ ၄၈ မိနစ်မှာ မိုဟာမက်ဆာလာတို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ မန်စီးတီးအသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဟာလန်းဟာ အခုနှစ်ဘောလုံးရာသီအတွင်း မန်စီးတီးအသင်းအတွက် သွင်းဂိုးစုစုပေါင်း ၂၄ ဂိုးအထိ သွင်းယူထားနိုင်ခဲ့ပြီဖြစ်ပါတယ်။

နည်းပြဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းဟာ ကာရာဘောင်ဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် နောက်တစ်ဆင့်မှာ ဆောက်သမ်တန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

အခြားသော ကာရာဘောင်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွေမှာတော့ မန်ယူအသင်းက ချာလ်တန်အသင်း၊ နော့တင်ဟမ်ဖောရက်စ်အသင်းက ဝုလ်ဗာဟမ်တန်အသင်း၊ နယူးကာဆယ်အသင်းက လက်စတာစီးတီးအသင်း စသဖြင့် အသီးသီးယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

**ငွေကြယ်**

**❖ AFF Cup မှ**

ယနေ့ကစားမည့် လေးသင်းအနက် စင်ကာပူအသင်းမှာ ပထမဆုံးပွဲကစားရခြင်းဖြစ်ပြီး ကျန်သုံးသင်းမှာမူ ဒုတိယပွဲကစားရခြင်းဖြစ်သည်။ အုပ်စုပထမပွဲတွင် အနိုင်ရထားသည့် မလေးရှားအသင်းအနေဖြင့် အိမ်ကွင်း၌ လာအိုအသင်းနှင့် ကစားရမည်ဖြစ်သောကြောင့် နိုင်ပွဲဆက်ရန် အခြေအနေကောင်းနေပြီး မြန်မာအသင်းမှာမူ နောက်တစ်ဆင့်တက်ရောက်ရေး မျှော်လင့်ချက်အတွက် ယခုပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေသည်။ မြန်မာအသင်းသည် ယခုနောက်ပိုင်းနှစ်များတွင် စင်ကာပူအသင်းနှင့် တွေ့ဆုံတိုင်း ရလဒ်ဆိုးရွားနေမှုကို ယခုပွဲတွင် ရပ်တန့်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

စင်ကာပူနှင့် မြန်မာပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၃ ရက်က စင်ကာပူနိုင်ငံ၌ ကျင်းပသည်။ မြန်မာအသင်းနည်းပြချုပ် အန်တွမ်နီဟေးက “အုပ်စုပထမပွဲမှာ အရေးနိမ့်ခဲ့တဲ့အတွက် လက်ကျန်ပွဲတွေမှာ အများကြီးရုန်းကန်ရမှာပါ။ ရမှတ် ခုနစ်မှတ်ရဖို့ အုပ်စုတက်ဖို့ မျှော်လင့်နိုင်မှာဖြစ်လို့ အဝေးကွင်းပွဲတွေက အရေးကြီးပါတယ်။ အနိုင်သုံးမှတ်ရဖို့ ကြိုးစားမှာဖြစ်ပြီး တစ်သင်းလုံး ဒဏ်ရာပြဿနာကင်းစင်ပါတယ်။ ဒါပေမဲ့ မြက်ခင်းတုကွင်းမှာ ကစားရမှာဖြစ်လို့ ခက်မှာပါ။ နိုင်ငံတကာအဆင့်မြင့်ပွဲတွေမှာတော့ မြက်ခင်းစစ်ကွင်းမှာပဲ ကစားကြပါတယ်။ မြက်ခင်းတုကွင်းက ကစားသမားတွေ ဒဏ်ရာရလွယ်ကူလို့ ဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

**ကိုညီလေး**

**စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ တောင်သူများနှင့် တွေ့ဆုံနှီးနှောဖလှယ်ပွဲ တက်ရောက်လာသူများ၏ ရင်တွင်းစကားသံများ

တွေ့ဆုံမေးမြန်း
ထိပ်ထားနိုင်

မန္တလေး ဒီဇင်ဘာ ၂၃

"တောင်သူလယ်သမားတို့၏ လူမှုစီးပွားဘဝ မြင့်တင်ဖို့ အားလုံးအတူ ဆွေးနွေးစို့ " ဆောင်ပုဒ်ဖြင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ တောင်သူများနှင့် တွေ့ဆုံနှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း၌ ကျင်းပသည်။ အဆိုပါ တွေ့ဆုံနှီးနှောဖလှယ်ပွဲနှင့် ပတ်သက်၍ ကဏ္ဍစုံမှ တက်ရောက်လာသူများ၏ ထင်မြင်ယူဆချက်များ၊ ရင်တွင်းစကားသံများကို တွေ့ဆုံမေးမြန်းထားသည်။


ဦးတိုးမင်း


ဒေါက်တာတင်ထွဋ်


ဦးအောင်မျိုးဦး


ဦးဝင်းကျော်


ဦးသန်းဇော်မင်း


ဦးအေးမောင်

**ဦးတိုးမင်း**
**ညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးက နိုင်ငံတော်ရဲ့အရေးပါတဲ့ကဏ္ဍဖြစ်ပြီး နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဖြစ်တဲ့ ကျေးလက်နေတောင်သူတွေရဲ့ လူမှုဘဝတိုးတက်မြင့်မားရေးက အဓိကကျတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ တောင်သူတွေရဲ့ လူနေမှုဘဝ တိုးတက်မြင့်မားစေဖို့အတွက် ကြုံတွေ့ရတဲ့ အခက်အခဲပြဿနာတွေကို ဝိုင်းဝန်းကူညီအဖြေရှာပေးခြင်းဖြင့် ပိုမိုကောင်းမွန်တဲ့ရလဒ်တွေ ပေါ်ထွန်းလာစေဖို့ မျှော်မှန်းပြီး မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စိုက်ပျိုးရေးလုပ်ငန်းရှင်တွေ၊ တောင်သူတွေနဲ့ တွေ့ဆုံနှီးနှောဖလှယ်ပွဲကို မန္တလေးမြို့မှာ ပထမဆုံးအကြိမ်အဖြစ် အနှစ်သာရရှိရှိ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ဖို့ မန္တလေးတိုင်းဒေသကြီးအစိုးရကနေ ဖြစ်မြောက်ရေးဆပ်ကော်မတီတစ်ခုဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဆောင်ရွက်တဲ့နေရာမှာ မြို့နယ် ၁၁ ခုကနေ တောင်သူပေါင်း ၁၅၀၀ ကို ဖိတ်ခေါ်တယ်။ သက်ဆိုင်ရာဝန်ထမ်း ၃၀၀ ကျော်၊ လုပ်ငန်းရှင်တွေနဲ့ ပေါင်းစပ်ပြီးတော့ စုစုပေါင်း လူအင်အား ၂၀၀၀ ကျော်နဲ့ တက်ရောက်ဆောင်ရွက်ခဲ့တယ်။ ဒီတွေ့ဆုံနှီးနှောဖလှယ်ပွဲမှာဆိုရင် ပညာရှင်ကြီးတွေဖြစ်တဲ့ ဒေါက်တာတင်ထွဋ်လို စပါးပညာရှင်တွေ၊ ဝါနဲ့ပတ်သက်ပြီး ဒေါက်တာဘွဲ့တွေ ရထားတဲ့ ဒေါက်တာခင်မျိုးငြိမ်း၊ ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနဦးစီးဌာနက ဒေါ်ခင်မျိုးဝင်း စတဲ့ပညာရှင်တွေကို ဖိတ်ကြားခဲ့တယ်။ ဒ့ါအပြင် ပညာရှင်တစ်ဦးဖြစ်တဲ့ ဦးအောင်မျိုးဦးဆိုရင် တောင်သူရယ်၊ လုပ်ငန်းရှင်ရယ်၊ ဌာနရယ် ပေါင်းစပ်ပြီးတော့ သိုက်သိုက်ဝန်းဝန်း မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်သွားအောင် လုပ်ငန်းရှင်အနေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့တာပါ။

**ဒေါက်တာတင်ထွဋ်**
**အမြဲတမ်းအတွင်းဝန်(ငြိမ်း)**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

ဒီဆွေးနွေးပွဲကို တက်ရောက်ခြင်းဖြင့် တောင်သူတွေအနေနဲ့ နံပါတ် ၁ ကတော့ ပညာရှင်တွေရဲ့ ဖုန်းနံပါတ်တွေ သူတို့ရမယ်။ စပါးနဲ့ပတ်သက်တဲ့ဟာတွေ၊ စိုက်ပျိုးရေးအတွက် မျိုးတွေ၊ နည်းစနစ်တွေ၊ အနေအထားတွေ၊ ပြီးတော့ သူတို့အတွေးတွေ ရသွားမယ်။ ဝါလည်းပါတဲ့အတွက် ဝါစိုက်တောင်သူတွေအတွက် အရေးကြီးတဲ့ သတင်းအချက်အလက်တွေ၊ နောက်တစ်ခုက ဆီထွက်သီးနှံနဲ့ ပတ်သက်ပြီးတော့ ဒီမှာက ဆီထွက်သီးနှံပညာရှင်ကိုယ်တိုင်ပါဝင်တဲ့အတွက် သူတို့အနေနဲ့ ဘာတွေလိုက်နာရမယ်၊ ဘာတွေဆောင်ရွက်ဖို့ မသင့်ဘူးဆိုတာတွေကို ရသွားမှာပါ။ ဒါတွေက ပညာရှင်အနေနဲ့ ပညာရှင်အမြင်နဲ့ ပြောခြင်းဖြစ်ပါတယ်။ တောင်သူမှာကလည်း သူတို့ကိုယ်တိုင် မြန်မာစကားအဆိုရှိတယ်။ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို သူတို့နေရာဒေသအလိုက် ဒီကရသွားတဲ့ အသိတွေနဲ့ သုံးသပ်ပြီး ပြန်လည်အသုံးချနိုင်မယ်လို့ ထင်ပါတယ်။ တကယ်တော့ ကျွန်တော့်အနေနဲ့ တောင်သူတွေကို အဓိကပေးချင်တဲ့ အချက်အလက်က တောင်သူလယ်သမားတစ်ဦးတည်း၊ ဝန်ကြီးဌာနတစ်ခုတည်း၊ ပုဂ္ဂလိကတစ်ခုတည်း ဆောင်ရွက်လို့မရပါဘူး။ အင်မတန်အင်အားကြီးတဲ့ သံကွင်းဆက်ကြီးတွေကို အပ်ချည်ကြိုးနဲ့ ချည်ထားသလို တစ်ခုနဲ့တစ်ခု ဆက်စပ်ချိတ်ဆက်မှုကောင်းကောင်းနဲ့ လုပ်ကိုင်ဆောင်ရွက်သွားကြမှ လိုချင်တာကိုဖြစ်မှာဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**ဦးအောင်မျိုးဦး**
**လယ်ယာအထောက်အကူပြုစခန်း ရွှေ့ပြောင်းစီမံကိန်း ဥက္ကဋ္ဌ**

စိုက်ပျိုးရေးကို မွေးမြူရေးနဲ့ အထောက်အကူပြုရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးအပြင် လယ်ယာသစ်တော၊ သီးနှံသစ်တော ရောနှောစိုက်ခြင်း စတဲ့နည်းပညာတွေကို ရောစပ်ပြီးတော့ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ဒီအတွက် လက်ရှိတောင်သူလယ်သမားတွေအတွက် တစ်နှစ်ပျမ်းမျှဝင်ငွေ ၁၀ သိန်း၊ ၁၅ သိန်း၊ သိန်း ၂၀ စသဖြင့် အနိမ့်ဆုံးသော လူမှုစီးပွားဘဝလိုအပ်ချက်အတွက် များစွာလျော့နည်းနေတဲ့ အခြေအနေကနေ လူမှုစီးပွားဘဝ လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်တဲ့ ဝင်ငွေတစ်ရပ်ကို ရရှိသည်အထိ ဆောင်ရွက်ဖို့လိုအပ်ပါတယ်။

ဒီအခမ်းအနားကနေ ကျွန်တော်တို့မြန်မာနိုင်ငံမှာရှိတဲ့ လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်ကြတဲ့ တောင်သူလယ်သမားတွေ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်ခဲတွေကနေ ဘယ်လိုလွတ်မြောက်အောင် လုပ်ကြမလဲဆိုတာကို ကောင်းစွာသိရှိနိုင်အောင် ဆွေးနွေးကြတာဖြစ်ပါတယ်။ ဒီနေ့အခမ်းအနားမှာ စိုက်ပျိုးရေးဆိုင်ရာ ပါရဂူဘွဲ့ရတွေလည်း များစွာ တက်ရောက်ပါတယ်။ သူတို့တွေလည်း သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် ဆွေးနွေးပညာပေးပြီး အသိပညာတွေ မျှဝေကြမှာဖြစ်ပါတယ်။ အဓိကကတော့ တောင်သူလယ်သမား၊ နိုင်ငံတော်အစိုးရရဲ့ ဌာနဆိုင်ရာတာဝန်ရှိသူတွေ၊ လုပ်ငန်းရှင်တွေ၊ ကျေးလက်နေပြည်သူတွေ ဘယ်လိုပေါင်းစပ်ပြီးတော့ ဆောင်ရွက်ကြမလဲဆိုတဲ့ နမူနာဖွဲ့စည်းဆောင်ရွက်ဖို့ အသိဉာဏ်တွေ၊ အတွေးအမြင်တွေ ရသွားမှာဖြစ်ပါတယ်။ ဒီအတွက် တောင်သူလယ်သမားတွေအတွက် အလွန်အဖိုးတန်လှတဲ့ အခမ်းအနားဖြစ်ပါတယ်လို့ ထင်မိပါတယ်။

**ဦးဝင်းကျော်**
**ဝါအထူးဆု ပထမဆုရသူ**
**မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ဆည်ကြီးကျေးရွာ**

အခုလို တောင်သူတွေနဲ့ ဌာနပေါင်းစုံတွေ့ပြီး တောင်သူတွေရဲ့ဘဝကို အခုလို မြေတောင်မြှောက်ပေးတဲ့အတွက် ဝမ်းသာပါတယ်။ အခုလို ဂုဏ်ပြုပေးပြီး နှီးနှောဖလှယ်ပွဲတွေ လုပ်ပေးတဲ့အတွက် ဂုဏ်ယူမိပါတယ်။ တောင်သူတွေအတွက် ဒီပွဲကနေ စိုက်ပျိုးပုံနည်းစနစ်တွေ၊ နည်းပညာတွေ အများကြီးရပါတယ်။ တောင်သူတွေနဲ့ ပညာရှင်တွေ အခုလို ဆက်တိုက်တွေ့ဆုံပေးပြီး အသိပညာပေးတာတွေ လုပ်ပေးရင် စိုက်ပျိုးရေးလုပ်တဲ့နေရာမှာ ဒီထက် တိုးတက်မယ်လို့ ထင်ပါတယ်။ ဒါကြောင့် နှစ်တိုင်း ဒီလိုမျိုးပွဲလေးတွေ လုပ်ပေးဖို့ အကြံပြုချင်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးစေ့ရယ်၊ ပိုးသတ်ဆေးရယ်ရရှိပြီး ပုလဲမြေသြဇာတွေကိုလည်း ထိုက်သင့်တဲ့ဈေးနဲ့ ထုတ်ပေးတဲ့အတွက် တောင်သူတွေအတွက် အကျိုးရှိပါတယ်။ "စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူပူးပေါင်း သီးနှံအထွက်ကောင်း" ဆောင်ပုဒ်နဲ့အညီ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် ပထမဆုရခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့တောင်သူတွေကို နိုင်ငံတော်အနေနဲ့ နည်းပညာတွေ၊ မျိုးစေ့ကောင်းတွေ ဒီထက်ပံ့ပိုးပေးနိုင်မယ်ဆိုရင် စပါး၊ ပဲ၊ ဝါ၊ နှမ်း၊ ပြောင်း စတဲ့သီးနှံတွေ စိုက်တဲ့အခါ ဒီထက်အထွက်တိုးမယ်လို့ ထင်မိပါတယ်။

**ဦးသန်းဇော်မင်း**
**နေကြာ ပထမဆု**
**စဥ့်ကိုင်မြို့နယ် ရွာဘိုကျေးရွာ**

ဒီလိုပွဲတွေ ကျင်းပပေးတဲ့အတွက် တောင်သူတွေအတွက် အကျိုးရှိမယ်လို့ ထင်မိပါတယ်။ ဒီမှာက တောင်သူတော်တော်များများနဲ့ တွေ့ရတယ်။ တွေ့တဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက် စိုက်ပျိုးတဲ့ပုံစံတွေ ဖလှယ်ကြတယ်။ ဒ့ါအပြင် စိုက်ပျိုးရေးပညာရှင်တွေကလည်း စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ နည်းပညာတွေကို ဟောပြောဆွေးနွေးပေးတော့ အသိပညာတွေ ရပါတယ်။ တောင်သူတွေအနေနဲ့ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာအသစ်တွေ ရပါတယ်။ ဒီလိုပွဲတွေမှာ ပြခန်းတွေရောပါတဲ့အတွက် တောင်သူတွေအတွက် မျိုးကောင်းမျိုးသန့်တွေလည်း ရနိုင်တယ်။ အစိုးရအနေနဲ့ တောင်သူတွေအတွက် ဒီထက်ပိုပြီး စိုက်ပျိုးရေးအသိပညာတွေ ပေးတာတွေ၊ နည်းပညာတွေ ကွင်းဆင်းပြီး စနစ်တကျ ပြောပြပေးတာတွေ လုပ်ပေးစေချင်ပါတယ်။

**ဦးအေးမောင်**
**တောင်သူ**
**သာစည်မြို့နယ် ကံရှည်ကျေးရွာအုပ်စု မြေဇူကျေးရွာ**

ဒီပွဲလေးက တောင်သူလယ်သမားတွေအတွက် အသိပညာဗဟုသုတတွေ ရရှိပါတယ်။ စိုက်ပျိုးပုံနည်းစနစ်တွေကအစ တိုးတက်လာတဲ့ စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ နည်းပညာအသစ်တွေကို သိရတဲ့အတွက် အသိပညာကြွယ်လာတယ်။ ဗဟုသုတဖြစ်တဲ့အတွက် တောင်သူလုပ်တဲ့အခါမှာ အထောက်အကူဖြစ်ပါတယ်။ ဒီလို ဆွေးနွေးပွဲတွေကို များများလုပ်ပေးစေချင်ပါတယ်။ အဲဒီလို များများလုပ်ပေးခြင်းဖြင့် တောင်သူတွေ ဗဟုသုတတွေကြွယ်ပြီး တောင်သူလုပ်ပုံကအစ မြေသြဇာသုံးစွဲပုံတွေရော အကုန်လုံးပြောပြပေးတဲ့အတွက် အကျိုးရှိပါတယ်။ ဒီကနေရတဲ့အသိဉာဏ်တွေကို ကိုယ့်ဒေသရောက်ရင်လည်း ပြန်ပြီးမျှဝေနိုင်မယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ကျေးရွာတွေမှာ စိုက်ပျိုးရေးဦးစီးဌာနရဲ့ လမ်းညွှန်မှုတွေ၊ နည်းပညာဖြန့်ဝေမှုတွေနဲ့ စိုက်ပျိုးနေတဲ့အတွက် စပါးတစ်ဧကကို တင်း ၅၀၊ ၆၀၊ ၇၀ ထိ အထွက်နှုန်းတွေတိုးပြီး ထွက်ပါတယ်။ ဒီထက်ပိုပြီး ပျိုးထောင်ခြင်းကအစ နည်းပညာတွေ ဖြန့်ဝေပေးစေချင်ပါတယ်။ **စာမျက်နှာ ၁၉ သို့** ■



# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာသင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်း

ရန်ကုန် ဒီဇင်ဘာ ၂၃

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့် ဒီပလိုမာသင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရတနာသိင်္ဃခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ ဥက္ကဋ္ဌရုံးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်း၏ဘွဲ့နှင်းသဘင်အခမ်းအနားကို ရတနာသိင်္ဃခန်းမ၌ ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယ ပါမောက္ခချုပ်(သင်ကြားရေး)တို့က ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

သတင်းစဉ်

# ကြက်ခြေနီအရေးပေါ်လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်ပွဲ ပြုလုပ်

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး ၅ မိုင် ၄ ဖာလုံရှိ ရှေးဦးပြုစုခြင်းစခန်းတွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် တရုတ်နိုင်ငံကြက်ခြေနီအသင်းတို့မှ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ ကြက်ခြေနီအရေးပေါ်လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက အသင်းရန်ကုန်ရုံးခွဲတွင် ပြုလုပ်သည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်က အမှာစကားပြောကြားပြီး ကြက်ခြေနီလူနာတင်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်နှင့် တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီကိုယ်စား ကော်မတီဝင် ဦးရန်အောင်မျိုးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ အသင်းဥက္ကဋ္ဌနှင့်အတူ အချိန်ပြည့်အလုပ်အမှုဆောင် ဒေါက်တာတင်ညွန့်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ရန်ကုန်-နေပြည်တော် အမြန်လမ်းတစ်လျှောက် အရေးပေါ်ရှေးဦးပြုစုခြင်းစခန်းများ ဖွင့်လှစ်ကာ အမြန်လမ်းတွင် မတော်တဆ ထိခိုက်ဒဏ်ရာရသူများကို ရှေးဦးပြုစုခြင်း၊ ဆေးကုသမှုခံယူရန် လိုအပ်သူများကို ကြက်ခြေနီစေတနာလုပ်အားရှင်များက ကြက်ခြေနီလူနာတင်ယာဉ်ဖြင့် ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပို့ဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော် (အထီး) ကလေးတစ်စီးအား ဇူလိုင် ၂၃ ရက် နံနက်မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။



**လက္ခဏာခုနစ်ချက်ကိုက်ညီ**

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမည်တော်မှာ "ရဋ္ဌနန္ဒက"ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင် လက္ခဏာရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာသြဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်းငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင် လက္ခဏာခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

အဆိုပါ ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက"မှာ ယခုအသက် ငါးလသားအရွယ်တွင် အရပ်အမြင့် ၃ ပေ ၁ လက်မ၊ ကိုယ်လုံး လုံးပတ် ၄ ပေ ၇ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၃၃၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းက ပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■ စာမျက်နှာ ၁၈ မှ

တောင်သူတွေ သီးနှံအထွက်တိုးရင် ပြည်သူတွေ ဖောဖောသီသီ စားနိုင်သုံးနိုင်မယ်လို့ ထင်မိပါတယ်။

အဆိုပါ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ တောင်သူများနှင့် တွေ့ဆုံနှီးနှောဖလှယ်ပွဲကို တိုင်းဒေသကြီးအစိုးရ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ တွေ့ဆုံ၍ နှီးနှောဖလှယ်ခြင်းဖြင့် တောင်သူ၊ လုပ်ငန်းရှင်များ၏ အခက်အခဲပြဿနာများကို ဝိုင်းဝန်းအဖြေရှာ ကူညီဖြေရှင်းပေးနိုင်ရန်၊ နှီးနှောဖလှယ်ပွဲကို လာရောက်ခြင်းအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းအထောက်အကူပြုပစ္စည်းများ၊ အရည်အသွေးမီသွင်းအားစုများ၊ ဘေးအန္တရာယ်ကင်းရှင်းသော သီးနှံထုတ်ကုန်များအား သုံးစွဲတတ်စေရန်၊ မိရိုးဖလာ စိုက်ပျိုးရေကွက်ဆင့်သောက်စနစ်မှ စနစ်တကျလယ်ယာမြေသို့ ကူးပြောင်းပြီး ခေတ်မီလယ်ယာသုံး စက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုလာစေရန်၊ စိုက်ပျိုးရေလေလွင့်ဆုံးရှုံးမှု လျော့နည်းသက်သာစေရန်နှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်လာစေရန် ရေအသုံးချသူများအဖွဲ့များ တိုးတက်ဖွဲ့စည်းနိုင်ရန်၊ အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူများ ပူးပေါင်းပညာပေးဆွေးနွေးခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နှီးနှောဖလှယ်ပွဲမှတစ်ဆင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတများအား အပြန်အလှန် မျှဝေခြင်းဖြင့် ကောင်းမွန်သည့် ဆက်သွယ်မှုကွန်ရက်ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး တွေ့ဆုံနှီးနှောဖလှယ်ပွဲအပြင် လယ်ယာစိုက်ပျိုးရေးနှင့် ပတ်သက်သည့် ပြခန်းပေါင်း ၃၀ ကိုလည်း ခင်းကျင်းပြသထားကြောင်း သိရသည်။

ကျန်းမာဖို့အရေး လမ်းလျှောက်ပေး

# စဉ့်ကူးမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဆွေးနွေး

စဉ့်ကူး ဒီဇင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ယမန်နေ့က ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် စဉ့်ကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်တင်တင်နုက ကလေးအလုပ်သမားပပျောက်ရေးနှင့် ပတ်သက်၍ ပြည်သူများအသိပညာဗဟုသုတတိုးပွားစေရန် ဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စဉ့်ကူးမြို့နယ်ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးအောင်ဆွေထူးက ကလေးအလုပ်သမားများနှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာများအား ပြည်သူများ အသိပညာဗဟုသုတရရှိစေရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

တင်ဇာလွင်(ပြန်/ဆက်)

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 6

### Unit 7: Lesson 1: What does he look like?

**I. Complete the sentences with the words given below.**

complexion handsome average
attractive slim beautiful tall

1. She is a very ____________ woman. She is also friendly.
2. My mother is short but my father is ____________.
အထက်ဖော်ပြပါ **"CRAB"** အမှတ်တံဆိပ်ဖြင့် ကြောင်စာ အချော၊ အကြမ်းတို့ကို ထည့်သွင်းအသုံးပြုသည့် ပလတ်စတစ်ထုပ်၊ စက္ကူအိတ်၊ ပလတ်စတစ်ဘူးစသည်တို့အပေါ်တွင် အဆိုပါ **"CRAB "**အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့် ဖိနှိပ်၊ ကပ်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ ထို့ပြင် ဆက်သွယ်ရေး နည်းပညာဖြင့် အသုံးပြုသော **Social Network** များဖြစ်သော **Facebook၊ Twitter၊ YouTube၊ Website** စသည်တို့တွင်လည်း အဆိုပါတံဆိပ်အမှတ်အသားကို အသုံးပြု၍ ဖြန့်ချိရောင်းချပြီး ကြော်ငြာသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မည်သူမဆို အဆိုပါကုန်အမှတ်တံဆိပ်ကို ကျွန်ုပ်မိတ်ဆွေ၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာ မရရှိဘဲ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ထင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်စိုးထွန်း(ထီးချိုင့်)**
**LL.B(Q), D.B.L, P.D.C.W.E, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၂၂၅/၂၀၁၂)**
**LINO MASTER LAW FIRM**
**အမှတ်(၂၂၉)၊ ပထမထပ်(ယာ)၊ ၃၈ လမ်း(အထက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀၀၀၀၅၈၇၊ ၀၉-၇၉၉၆၀၆၈၂၅**

## ဟသ်ာတတက္ကသိုလ် (၁၈)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

ဟသ်ာတတက္ကသိုလ်မှ (၂၀၁၉-၂၀၂၀) ပညာသင်နှစ်နှင့် (၂၀၂၁-၂၀၂၂) ပညာသင်နှစ်တို့တွင် ဘွဲ့ရရှိကြပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဟသ်ာတတက္ကသိုလ် **ဘွဲ့နှင်းသဘင်ခန်းမ**တွင် ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**(၁) (၇-၁-၂၀၂၃) နံနက်ပိုင်း(၉:၀၀)နာရီ**

- မဟာဘွဲ့(၂၀၁၃-အောင်) ၂၀၁၉-၂၀၂၀ပညာသင်နှစ်
(မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ)
- မဟာဘွဲ့(၂၀၁၄-အောင်) ၂၀၂၁-၂၀၂၂ ပညာသင်နှစ်
(မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ဘူမိဗေဒ)
- ရိုးရိုးဘွဲ့(ဝိဇ္ဇာ/သိပ္ပံ) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်
(၂၀၁၆-အောင်)
တ-ဂုဏ် ရိုးရိုးဘွဲ့ (ဝိဇ္ဇာ/သိပ္ပံ) (၂၀၁၅-အောင်)
(မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ)

**(၂) (၇-၁-၂၀၂၃) မွန်းလွဲပိုင်း(၂:၀၀)နာရီ**

- ဂုဏ်ထူးဘွဲ့(၂၀၁၅-အောင်) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်
(မြန်မာစာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ)
- ဂုဏ်ထူးဘွဲ့(၂၀၁၆-အောင်) ၂၀၂၁-၂၀၂၂ ပညာသင်နှစ်
(မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ)
- ရိုးရိုးဘွဲ့ (ဝိဇ္ဇာ/သိပ္ပံ) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်
(၂၀၁၆-အောင်)
တ-ဂုဏ် ရိုးရိုးဘွဲ့ (ဝိဇ္ဇာ/သိပ္ပံ) (၂၀၁၅-အောင်)
(ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ သင်္ချာ)

**အစမ်းလေ့ကျင့်ရက်**

(၇-၁-၂၀၂၃) နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းဘွဲ့ယူမည့်သူများ၏ အစမ်းလေ့ကျင့်ခြင်းကို (၅-၁-၂၀၂၃) နံနက်ပိုင်းတွင် ကျင်းပပါမည်။

ဘွဲ့အသီးသီးသို့ တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ ဘွဲ့နှင်းသဘင် တက်ရောက်ကြရပါမည်။ အဆိုပါ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြန်မာယဉ်ကျေးမှုနှင့် မလျော်ညီသောဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

အသေးစိတ် အစီအစဉ်ကို ဟသ်ာတတက္ကသိုလ် (ဘွဲ့နှင်းသဘင်ဌာန) ကြော်ငြာသင်ပုန်းများတွင် ကပ်ထားပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာနှင့် ဘွဲ့ဝတ်စုံများကို (၂-၁-၂၀၂၃) ရက်မှစ၍ ဟသ်ာတတက္ကသိုလ်ဘွဲ့နှင်းသဘင်ဌာနတွင် ထုတ်ပေးပါမည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**ဟသ်ာတတက္ကသိုလ်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၇

၁။ ဒေါက်တာခိုင်ချယ်ရီ နှင့် ဦးမျိုးခင်
၂။ ဒေါ်မြင့်မြင့်ဌေး
**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်-၁၂၊ ပီမိုးနင်းလမ်း၊ ၃ ရပ်ကွက်နေ တရားပြိုင် ဦးမျိုးခင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ၁။ ဒေါက်တာခိုင်ချယ်ရီ ၂။ ဒေါ်မြင့်မြင့်ဌေးက **"ပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု"** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် (၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်)နေ့ မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြင့်မြင့်ဆွေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## တင်ဒါကြော်ငြာချက်

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ငွေလုံးငွေရင်း ခေါင်းစဉ်အောက်မှ ဝယ်ယူခွင့်ရရှိထားသော သင်ကြားရေး အထောက်အကူပြု ဘာသာရပ်စာအုပ်များအား ဝယ်ယူရန်ရှိပါသည်။ အဆိုပါစာအုပ်များအား တင်ဒါစည်းမျဉ်း စည်းကမ်းနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းလျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

၂။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၂၆) ရက်နေ့မှစ၍ တင်ဒါပုံစံများကို ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို (၉-၁-၂၀၂၃) ညနေ ၄:၃၀ နာရီတွင် နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်သည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက စစ်ကိုင်းပညာရေးတက္ကသိုလ်၏ ဘဏ္ဍာဌာန (၀၇၂-၂၀၂၂၀၉၂၊ ၀၉-၄၀၂၆၄၅၀၅၀) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**စစ်ကိုင်းပညာရေးတက္ကသိုလ်**
**စစ်ကိုင်းမြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## လွှတ်တော်နှင့်နေအိမ်အဆောက်အဦများ
## ထိန်းသိမ်းရေးအဖွဲ့(ရန်ကုန်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့်နေအိမ်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့ (ရန်ကုန်)မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် (၄)ခန်းတွဲ (၄)ထပ်ညှော့ရိပ်သာနှင့် (၈)ခန်းတွဲ(၂)ထပ် ညှော့ရိပ်သာတို့တွင် အောက်ပါလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာငွေ(ကျပ်)ဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Lot(1) ။ ကျွန်းပရိဘောဂပစ္စည်းများ ဝယ်ယူခြင်း
(ခ) Lot(2) ။ မွေ့ရာနှင့်ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း

၂။ လျှောက်လွှာနှင့် အသေးစိတ်အချက်အလက်များကို ပြည်လမ်းနှင့် အလုံလမ်းထောင့်မှ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဝင်းအတွင်းရှိ လွှတ်တော်နှင့် နေအိမ်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့ (ရန်ကုန်)၊ ဖုန်း ၀၁-၈၃၀၂၂၅၁ တွင် စုံစမ်းဝယ်ယူ/မေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| ၃။ တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - | (၂၆-၁၂-၂၀၂၂)မှ (၆-၁-၂၀၂၃)အထိ |
| ၄။ တင်ဒါတင်သွင်းရန် နောက်ဆုံးရက်/အချိန် | - | (၆-၁-၂၀၂၃)ရက် (၁၄:၀၀)နာရီအထိ |
| ၅။ တင်ဒါဖွင့်မည့်ရက် | - | ကြေညာပါမည်။ |

**တင်ဒါကော်မတီ**

## ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ၁-ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်-၃၈၂နေ ဦးစိုင်းစိုးသိန်းဦး (ဘ)ဦးရင်ကျော် [၉/ပဥလ(နိုင်)၀၀၆၇၁၄]နှင့် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City အိမ်ရာ၊ ရွှေနှင်းဆီ(၂)လမ်း၊ အမှတ်-J/၅၆ နေ ဒေါ်အေးပပမျိုး (ဘ)ဦးဝင်းမောင်[၁၄/မမန(ဧည့်)၀၀၀၂၉၇]တို့သည် (၁၈-၁၁-၂၀၂၂)ရက်နေ့တွင် မှတ်ပုံတင်စာချုပ်အမှတ်-၆/၂၀၂၂ဖြင့် လသာမြို့နယ်၊ အမှတ်(၂)စည်ပင်သာယာတရားရုံး၊ မြို့နယ်တရားသူကြီးရှေ့မှောက်၌ **"နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"** ချုပ်ဆိုကွာရှင်းပြီး နှစ်ဦးပိုင်ပစ္စည်းများကိုလည်း ခွဲဝေပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုင်းစိုးသိန်းဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ(LL.B)** | **ဒေါ်မိုးမီမီခိုင်(LL.B)** |
| **(စဉ်-၅၃၃၆၉)** | **(စဉ်-၅၃၄၉၁)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၅၆၇၇၆၁၅**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## THE REPUBLIC OF THE UNION OF MYANMAR
## MYANMA OIL AND GAS ENTERPRISE
## NO.44, COMPLEX, NAY PYI TAW
## MYANMAR

Tender No : MOGE–C001/22

Date : 23–12–2022 FAX : +95 67 3411125/3411178

### INVITATION FOR TENDER

Bids are invited by the Myanma Oil and Gas Enterprise, No. 44, Complex, Nay Pyi Taw, Myanmar for the DIRECTIONAL DRILLING AND MUD ENGINEERING SERVICES FOR PYALO NW3–1IN ONSHORE BLOCK RSF–9 which particulars are attached to this invitation Documents related to these Bids are also attached.

The interested Bidders should submit the **Technical Specifications and Commercial Quotation with Original Bid Bond in each separate sealed envelopes** on which to addressed to the Managing Director, Myanma Oil and Gas Enterprise and should reach in Tender Box of the Myanma Oil and Gas Enterprise not later than 12:00 hours on 5–1–2023.

**Managing Director**
**Myanma Oil and Gas Enterprise**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၈)၊လူနေရပ်ကွက်အမှတ်(ခရေရိပ်သာ)၊မြေကွက်အမှတ်(၁၅၅)၊ဧရိယာ(၀.၂၄၄)ကေရှိဦးခင်မောင်လတ်အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူ၍လက်ဝယ်ထားပိုင်ဆိုင်ကြောင်းဝန်ခံကတိပြုသူဦးမင်းမျိုးမွန်(၁၂/မရက(နိုင်)၀၂၉၁၇၈) ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့်နေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| | | |
|---|---|---|
| ဦးအောင်ကျော်ထွန်းLL.B.,LL.M. | ဦးကောင်းထက်အောင် LL.B. | ဦးကျော်ကိုကိုလွင် LL.B. |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၁၆၃) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၉၀၁) | အထက်တန်းရှေ့နေ(စဉ်–၅၂၃၆၈) |
| ဒေါ်ချိုလွင်လွင်အောင်LL.B. | ဒေါ်ထက်မြတ်မိုး LL.B. | ဒေါ်မြတ်မြတ်သွယ် LL.B. |
| အထက်တန်းရှေ့နေ (စဉ်–၅၃၇၃၁) | အထက်တန်းရှေ့နေ(စဉ်–၅၂၆၆၁) | အထက်တန်းရှေ့နေ(စဉ်–၅၃၅၀၃) |

AUNG HTOO CHUN LAW FIRMတိုက်အမှတ်(၁၅၇/၁၆၉)၊အခန်းအမှတ်-B-2ပထမထပ်၊ ၃၆လမ်း(လယ်)၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ဖုန်း၀၉၄၀၈၁၅၅၉၉၉။

### ၁၃–၁၂–၂၀၂၂ ရက်ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၃၀) ပါ ဦးနေအုပ်[၁၂/သဃက(နိုင်)၁၆၀၀၆၃]နှင့် အများသိစေရန် ကြေညာခြင်းအပေါ် ဒေါ်ခက်ခက်ခိုင်နှင့်အများသိစေရန် ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးနေအုပ် [၁၂/သဃက(နိုင်)၁၆၀၀၆၃]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခက်ခက်ခိုင်[၁၂/ကမရ(နိုင်)၀၄၉၈၉၅]နှင့် အများသိစေရန် ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။ ဦးနေအုပ်နှင့် ဒေါ်ခက်ခက်ခိုင်တို့နှစ်ဦးသည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် လုပ်ငန်းလုပ်ကိုင်ရင်း ခင်မင်ရင်းနှီးပြီး နှစ်ဦးသဘောတူ လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ ဒေါ်ခက်ခက်ခိုင် Visa သက်တမ်းကုန်ပြီး Over Stay ဖြင့် နေထိုင်ခဲ့စဉ် ဦးနေအုပ်အား လူပုံအလယ်တွင် အခြားသူများနှင့်စွပ်စွဲရန်ရှာခြင်း၊ ခင်ပွန်းအနေဖြင့် ရှာဖွေကျွေးမွေးခဲ့သော်လည်း ခင်ပွန်းအပေါ် နိုင့်ထက်စီးနင်းကြမ်းတမ်းစွာ စကားပြောဆိုဆက်ဆံခြင်း၊ ပိုင်ဆိုင်မှုလက်ဝါးကြီးအုပ်သိမ်းပိုက်ထားခြင်း၊ ဂျပန်နိုင်ငံရှိ ငှားရမ်းထားသောအိမ်ကို ဖျက်ဆီးခြင်းတို့ကြောင့် အကြိမ်ကြိမ်အရှက်ကွဲခဲ့ရကြောင်း၊ ၂၀၁၈ခုနှစ်၊ အောက်တိုဘာ/နိုဝင်ဘာလခန့်တွင် မြန်မာနိုင်ငံသို့ ဒေါ်ခက်ခက်ခိုင် အပြီးပြန်လာစဉ် ဦးနေအုပ်လိုက်ပါလာခဲ့ကြောင်း၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းပဒေသာလမ်း၊ တိုက်အမှတ် (၁၇)၊ ၄–လွှာ၌ ပေါင်းသင်းနေထိုင်ခဲ့စဉ် အဆင်မပြေမှုများဖြစ်ခြင်း၊ ရန်ပြုခြင်းများကြောင့် မကြာခဏအရှက်တကွဲဖြစ်ခဲ့ရခြင်း၊ ဂျပန်နိုင်ငံသို့မပြန်မီ ဦးနေအုပ်အား (၁၀–၅–၂၀၁၉)ရက်နေ့တွင် ထပ်မံ၍ လက်ထပ်လက်မှတ်ရေးထိုးစေခြင်း၊ ဦးနေအုပ် ဂျပန်နိုင်ငံသို့ တစ်ဦးတည်း ထွက်ခွာသွားပြီး အလုပ်လုပ်ကိုင်ခဲ့ရာ Visa ကိစ္စဖြင့် ဂျပန်နိုင်ငံရှေ့နေရုံးခန်းတွင် မိတ်ဆွေနှင့်အတူ သွားရောက်စကားပြောစဉ် ဒေါ်ခက်ခက်ခိုင်မှ ရှေ့နေရုံးခန်းရှိ ဦးနေအုပ်ထံဖုန်းဆက်ပြီး အရှက်တကွဲဖြစ်စေရန် စွပ်စွဲပြောဆိုသဖြင့် ဂုဏ်သိက္ခာကျဆင်းမှု ဖြစ်ပေါ်ခဲ့ရခြင်း၊ ဒေါ်ခက်ခက်ခိုင်မှ ဦးနေအုပ်အား ဂုဏ်သိက္ခာကျဆင်းစေရန် လုပ်ငန်းတွဲဖက်လုပ်ကိုင်သူနှင့် ၎င်း၏မိသားစုဓာတ်ပုံများ၊ ဆွေမျိုးသားချင်းဓာတ်ပုံများကို ရုန့်ရင်းကြမ်းတမ်းသော စာသားများထည့်သွင်း၍ လူမှုကွန်ရက်တွင် Wai Lin Aung Account မှ ရည်ရွယ်ချက်ရှိရှိ အများသူငှာမြင်တွေ့စေရန် ပို့စ်တင်ပြီး အရှက်ခွဲခြင်း၊ (၂၂–၁၂–၂၀၂၀)ရက်စွဲပါ အကြောင်းကြားစာဖြင့် တရားဝင်ဇနီးမယားအဖြစ်မှ ကွာရှင်းပြတ်စဲရန် ရှေ့နေမှတစ်ဆင့်အကြောင်းကြားသော်လည်း ဆက်သွယ်ခြင်းမပြုသဖြင့် (၁–၁–၂၀၂၁) ရက်နေ့တွင် ကြေးမုံသတင်းစာမှတစ်ဆင့် ဒေါ်ခက်ခက်ခိုင်နှင့်အများသိစေရန် ကြေညာခဲ့သော်လည်း လုံးဝဆက်သွယ်ခြင်းမရှိဘဲ ဦးနေအုပ်၏ မိဘများထံသွားရောက်ကာ မိဘပိုင်ပစ္စည်းများကိုတောင်းဆိုခြင်း၊ ရိုင်းစိုင်းသောစကားများဖြင့် မိဘ၊ ဘူမ၊ ဆွေမျိုးများကို ရန်ပြုဆက်ဆံခြင်းတို့ကြောင့် ဦးနေအုပ်သည် ဒေါ်ခက်ခက်ခိုင်နှင့် ကွာရှင်းပြတ်စဲရန် ဂျပန်နိုင်ငံဥပဒေအရ မိသားစုဝင်စာရင်း(တရားဝင်ဇနီးအဖြစ်)မှ ပယ်ဖျက်ပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ထို့နောက်ပိုင်း ဦးနေအုပ်၏မိဘများသည် (၂၆–၁၁–၂၀၂၂)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာမှနေ၍ သားအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာခံရသဖြင့် အရှက်တကွဲဖြစ်ခဲ့ရပါသည်။ ထို့နောက် ဒေါ်ခက်ခက်ခိုင်သည် ကြေးမုံသတင်းစာမှနေ၍ (၁၃–၁၂–၂၀၂၂)ရက်စွဲပါ ဦးနေအုပ်နှင့် အများသိစေရန် ကြေညာခဲ့ခြင်းကြောင့် မြန်မာနိုင်ငံဥပဒေအရ ဒေါ်ခက်ခက်ခိုင်သည် ဦးနေအုပ်နှင့် အကြင်လင်မယားအဖြစ်မှ တရားဝင်ပြတ်စဲရန်အတွက် ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ဒေါ်ခက်ခက်ခိုင်ကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ လာရောက်ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမပြုပါကလည်းကောင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် ထပ်မံပြုလုပ်ပါကလည်းကောင်း၊ တရားဥပဒေအရ တရားစွဲဆိုမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ဒေါ်ခက်ခက်ခိုင်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

**ဦးနေအုပ် [၁၂/သဃက(နိုင်)၁၆၀၀၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| တရားလွှတ်တော်ရှေ့နေများ | | အထက်တန်းရှေ့နေများ | |
|---|---|---|---|
| ဒေါ်လှဲ့လှဲ့ဝင်း (LL.B) | ဦးဇော်နေလင်း (LL.B) | ဦးမင်းထွန်း (LL.B) | ဒေါ်မိုးသီတာနိုင်(LL.B) |
| (စဉ်–၄၇၁၄/၈၈) | (စဉ်–၁၀၅၄၆/၁၅) | (စဉ်–၅၃၄၉၅/၂၀) | (စဉ်–၅၅၁၆၁/၂၂) |
| ဒေါ်ငွေလာ (LL.B) | | | |
| (စဉ်–၁၄၅၆၂/၁၈) | | | |

**အမှတ်– ၉၉၊ အောင်သုခ (၁)လမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း– ၀၉–၂၆၄၁၀၄၁၅၄**

### ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၂)သံချက်ဝန်ဦးမြိုလမ်း၊မြေကွက်အမှတ်(၁၁၇၅)ဧရိယာ(၄၀'x၆၀')ရှိသော၊ဒေါ်လိရိဆေ(၁၃/နစန(နိုင်)၀၂၆၃၇၉)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါမြေကွက်ကို နှစ်(၆၀)မြေငှါးဂရန်တွင် တရားဝင်အမည်ပေါက်သူ ဒေါ်လိရိဆေ ထံမှ အရောင်းအဝယ်ကတိစာချုပ်နှင့် အထူးကိုယ်စားလှယ်လွှဲစာတို့အရ ဝယ်ယူပိုင်ဆိုင်ထားသူ-ဒေါ်နန်းခင်မေ(၁၃/မဆတ(နိုင်)၀၂၈၅၇၉)က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

| | |
|---|---|
| ဦးသန့်ဇင် ( LL-B ) | ဒေါ်ဟန်နွေနိုင်( LL-B) |
| အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်–၂၇၅၄၄) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၁၃၁၄)၊ မြေအမျိုးအစား (နှစ်–၆၀)ဂရန်၊ မြေအကျယ်အဝန်း (၀.၀၉၂)ကေ၊ (၆၃/၅၈x၇၅/၆၃)ပေရှိ မြေကွက်နှင့် မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၉၀၂/က)၊ မြေအမျိုးအစား (နှစ် ၆၀)ဂရန်၊ မြေအကျယ်အဝန်း(၁၅၉၀)စတုရန်းပေ၊ (၂၇/၂၆x၆၀)ပေရှိသည့် မြေကွက်(၂)ကွက်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများ ဒေါက်တာသန်းထွဋ်အောင်[၁၂/လမန(နိုင်)၀၀၀၄၁၅] + ဒေါ်မေရည်စိုးဦး [၁၄/ဖပန(နိုင်)၀၆၃၉၂၅]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးထွန်းနိုင်အောင် (LL.B,C.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၁၃၆)**
**အခန်း(၅၀၂)၊ တိုက်(၃)၊ ရွှေထီးအိမ်ရာ၊ သမိုင်းဘူတာရုံလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း– ၀၉–၅၁၂၅၆၀၂**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ဆင်လုလမ်း၊ အမှတ်(၁၁)၊ (၆)လွှာ၊ ခြေရင်းခန်း အကျယ်အဝန်း အလျား (၅၅ ပေ)xအနံ (၁၂ ပေခွဲ)ရှိ တိုက်ခန်းကို ဦးသက်လွင်[၁၀/မဒန(နိုင်) ၀၄၃၇၃၅] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထား လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းနှင့် ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြု၍ ပြောဆိုလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှ ၎င်းတိုက်ခန်းအား ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းအား အပြီးအပိုင် လွှဲပြောင်းဝယ်ယူမည်ဖြစ်ရာ ယင်းတိုက်ခန်း ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိသည့် မည်သူမဆို စာချုပ်စာတမ်းအထောက်အထားမူရင်းများ တစ်ပါတည်းယူဆောင်လာလျက် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန့်ဇင်လှိုင်**
**(LL.B), B.A (Business Law), CBL**
**အထက်တန်းရှေ့နေ (စဉ်–၅၀၈၃၈/၂၆–၃– ၂၀၀၉)**
**ဖုန်း–၀၉–၄၂၀၂၄၂၆၇၃ ၊ ၀၉–၉၆၈၁၂၀၆၈၃**
**အမှတ်(၄၁)၊ အခန်း(၁၃)၊ ဗဟိုရ်စည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၈၅၉)၊ မြေကွက်တည်နေရာ အမှတ်(၈၅၉)၊ ရွှေပဒေသာလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်အမာမြင့် (စီဂျီ–၀၁၉၈၀၃) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်အမာမြင့် ပိုင်ဆိုင်သော (၄၁'x၆၀')အနက်မှ (၂၁'x၆၀') (ခေါင်းရင်းဘက်ခြမ်း)အား (၁) တရားနိုင် ဒေါ်ခင်ခင်ဦး [၁၂/မဂတ(နိုင်)၀၄၂၄၆၁]မှ ဝယ်ယူခဲ့ပြီးကျန် (၂၀'x၆၀') (ခြေရင်းဘက်ခြမ်း) အား (၂) တရားနိုင် ဒေါ်လွင်မာမြင့် [၁၂/ဒလန(နိုင်)၀၆၀၆၂၀]မှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ဒေါ်အမာမြင့်အား တရားပြိုင်ထားကာ ဒေါ်ခင်ခင်ဦး၊ ဒေါ်လွင်မာမြင့်တို့မှ တရားလိုပြုလုပ်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု တရားစွဲဆိုခဲ့ရာ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်(၁/၂၀၂၂) (၃၀–၃–၂၀၂၂)၊ တရားမဇာရီမှုအမှတ် (၁၅၆/၂၀၂၂) (၁၅–၇–၂၀၂၂) တို့ဖြင့် အနိုင်ဒီကရီရရှိသဖြင့်တရားရှုံးများကိုယ်စား ဘီလစ် ဒေါ်ဂျူးဂျူးစန္ဒီကျော် [၇/ရတန(နိုင်)၁၂၁၄၂၀]မှ တရားပြိုင်ဖြစ်သူ ဒေါ်အမာမြင့်အပေါ် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု အနိုင်ဒီကရီ၊ စီရင်ချက်နှင့် အမိန့်၊ နှစ်(၆၀)ဂရန်၊ ဘီလစ်ခန့်စာ၊ နေ့စဉ်မှတ်တမ်း တို့တင်ပြပြီး အရောင်း မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် နှစ်ထပ်တိုက် တစ်လုံးနှင့် ၁ ထပ်တိုက်တစ်လုံးရှိပြီး တရားနိုင်များ ကိုယ်တိုင်နေထိုင်ပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးသည်ကိုသိရှိကြောင်း လျှောက်ထားသူများမှ လက်မှတ်ရေးထိုးပေးပါသည်။သို့ဖြစ်ပါ၍ တရားရှုံး(ကိုယ်စား) ဘီလစ် ဒေါ်ဂျူးဂျူးစန္ဒီကျော်မှ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁) ရပ်ကွက်၊ ဇေယျာသိဒ္ဓိ (၂) လမ်း၊ အမှတ် (၅၀/၅၂) (A)၊ (၅) လွှာ၊ အလျား ၁၁ ½ ပေ x အနံ ၄၀ ပေရှိ လူနေတိုက်ခန်းအား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးနေထွန်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မာမာညွန့် [၁၂/စခန(နိုင်)၀၂၆၀၈၅] မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော မူရင်းစာရွက်စာတမ်းများနှင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုကေခိုင် (LL.B) အထက်တန်းရှေ့နေ**
**(စဉ်–၄၃၁၄၉) (၃၀–၁၀–၂၀၁၃)**
**အမှတ် (၆)၊ ဒုတိယထပ် (A)၊ မြသီတာလမ်း၊ ကျွန်းတောမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၄၀၉၉၅၅၉၉၊ ၀၉–၇၈၅၃၂၂၇၁၂**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ လမ်း(၂၀)၊ တိုက်အမှတ်(၁၁၆/၁၁၈)၊ ၇ ထပ်တိုက်၏ မြေညီ(ဝဲဘက်ခြမ်း)၊ ၁၁၆ ဘက်ခြမ်း၊ အကျယ်(၁၂.၅x၄၀)ပေရှိ တိုက်ခန်းကို ယခုလက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကျင်အေး[၁၂/တမန(နိုင်) ၀၁၁၈၈၇]နှင့် ဒေါ်ကျင်ထွေး[၁၂/တမန(နိုင်) ၀၇၉၉၁၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ခင်ရွှေ [၁၂/လသန(နိုင်)၀၁၅၄၁၄]နှင့် ဒေါ်မြမြဋ္ဌေး [၁၂/လသန(နိုင်)၀၀၅၃၅၈]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝေမီလှိုင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၆၉၁)**
**အမှတ်(၈၂)၊ ၁၂ လမ်း၊ လမ်းမတော်မြို့နယ်။**
**ဖုန်း– ၀၉–၄၂၁၀၀၉၄၆၃၊ ၀၉–၇၉၈၄၀၆၃၇၇**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ(၁၄)လမ်းအနောက်၊ အမှတ်(၇၇၀)တွင် တရားဝင်နေထိုင်သူ ဦးအောင်သက်ဦး [၁၂/သကတ(နိုင်)၁၃၉၆၈၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ–

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ(၁၄)လမ်းအနောက်၊ မြေကွက်အမှတ်(၇၃၄/က)၊ (အလျား x အနံ) (၂၀ပေ x ၆၀ပေ) အကျယ်အဝန်းရှိ ခေါင်းရင်းဘက်ခြမ်း (အလျားxအနံ) (၁၀ပေx၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် နေအိမ် အဆောက်အဦ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ထားသူမှ ရောင်းချပြီး အဆက်အစပ်စာချုပ် ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ကြသော (၁) ဦးဝင်းသိန်း [၁၂/သကတ(နိုင်)၀၃၃၄၇၄]၊ (၂) ဒေါ်လွင်လွင်မြင့် [၁၂/သကတ(နိုင်)၁၅၇၈၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သက်ဦး [၁၂/သကတ(နိုင်)၁၃၉၆၈၈]သည် (၁၆–၁၂–၂၀၂၂)ရက်တွင် နှစ်ဦးသဘောတူ မြေကွက်နှင့် နေအိမ်အဆောက်အဦ အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ကို ချုပ်ဆိုပြီး ဥပဒေနှင့်အညီ လက်ရောက်လက်ခံဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အဆောက်အဦတို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သက်ဦး၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းနှင့် အခြားသောကိစ္စရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေမှ သိရှိခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ကျော်လှိုင်**
**[LL.B, D.B.L, W.I.P.O (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၃၆၀)**
**အမှတ်(၆၈၆)၊ အနော်မာ(၁၆)လမ်းအရှေ့၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း– ၀၉–၄၂၀၁၆၂၄၈၁**

### ငြင်းချက်ထုတ်ရန် သမ္မန်စာ
### { တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ }
### ကျောက်တံတားခရိုင်တရားရုံး၌
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၅၃

| | | |
|---|---|---|
| ဦးထွန်းထွန်းဦး | နှင့် | ဒေါ်စန်းစန်းဦး(ခ)မငယ် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်–၁/၂ (ယခုနေရပ်လိပ်စာမသိ)နေ တရားပြိုင် ဒေါ်စန်းစန်းဦး(ခ)မငယ် သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ကုန်စည်ဖိုးငွေကျပ် ၂၇၀၉၁၁၈၃၆ တိတိနှင့် နစ်နာကြေးငွေ ကျပ် ၁၅၀၀၀၀၀၀၀" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ ( ၁၃၈၄ ခုနှစ်၊ ပြာသိုလဆုတ် ၈ ရက်နေ့) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ဒီဇင်ဘာလ ၂၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြတ်စံ)**
**ခရိုင်တရားသူကြီး**
**ကျောက်တံတားခရိုင်တရားရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ခင်ရီ
**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)**
**ဘဏ္ဍာရေး(စား/ဖျော်)**
**အသက်(၉၀)နှစ်**

နေပြည်တော်ကောင်စီနယ်မြေနေ ဗိုလ်ချုပ်ကြီးထွန်းအောင်-ဒေါ်တင်မိုးနွယ်တို့၏ မိခင် ဒေါ်ခင်ခင်ရီသည် ၂၁-၁၂-၂၀၂၂(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဝဏ္ဏကျော်ထင် ဦးသိန်းအောင်
**ဒုတိယဝန်ကြီး(ငြိမ်း)၊ စက်မှုဝန်ကြီးဌာန**
**အသက်(၇၄)နှစ်**

စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း) ဝဏ္ဏကျော်ထင် ဦးသိန်းအောင်သည် ၂၃-၁၂-၂၀၂၂ (သောကြာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျစ်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကိုကိုလွင်(အဖွဲ့ဝင်)နှင့် ဇနီး ဒေါ်မြင့်မြင့်မော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဝဏ္ဏကျော်ထင် ဦးသိန်းအောင်
**[ဒုတိယဝန်ကြီး(ငြိမ်း) စက်မှုဝန်ကြီးဌာန]**
**အသက်(၇၄)နှစ်**

စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း) ဝဏ္ဏကျော်ထင် ဦးသိန်းအောင်သည် ၂၃-၁၂-၂၀၂၂ ရက်(သောကြာနေ့)နံနက် ၀၆:၀၀ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်ကြီးရဲကိုကို(ငြိမ်း) အသက်(၆၄)နှစ်သည် ၂၃-၁၂-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းကောင်းရာ သုဂတိလားပါစေ။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၉)မှ**
**ညီနောင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စိန်စိန်
**အသက်(၇၇)နှစ်**

ဒေါက်တာမြင့်သီတာ (ဒုတိယပါမောက္ခချုပ်၊ မော်လမြိုင်တက္ကသိုလ်)၏ မိခင်ဖြစ်သူ ဒေါ်စိန်စိန်သည် ၂၀-၁၂-၂၀၂၂ ရက်(အင်္ဂါနေ့) နံနက်၂:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့်**
**ဆရာ/ဆရာမ**
**ဝန်ထမ်းများ၊ မော်လမြိုင်တက္ကသိုလ်**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်လှလှကြည်
**အ.ထ.က(၄)၊ တာမွေ(ငြိမ်း)**
**အသက်(၇၂)နှစ်**

အမှတ်(၁၄၉)၊ မြိတ်လမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နေ (ဦးထွန်းအုပ်) (ယခင် ဖဆပလ အမတ်ဟောင်း ခရမ်းမြို့နယ်)-ဒေါ်အုံးမေတို့၏သမီး၊ ဦးစိန်ဝင်း၏ ချစ်လှစွာသောဇနီး၊ ဦးကျော်ဇင်နိုင်-ဒေါ်နှင်းစုစုစိုး၊ ဦးသော်ဇင်နိုင်-ဒေါ်ပုံအိငြိမ်း၊ ဒေါ်ဥမ္မာကြည်တို့၏ ချစ်လှစွာသော မိခင်၊ မောင်အောင်ကောင်းဇင်နိုင်၏ ချစ်လှစွာသောအဘွားသည် ၂၂-၁၂-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၅:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၆-၁၂-၂၀၂၂ (တနင်္လာနေ့)တွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဝဏ္ဏကျော်ထင် ဦးသိန်းအောင်
**ဒုတိယဝန်ကြီး(ငြိမ်း)၊ စက်မှုဝန်ကြီးဌာန**
**အသက်(၇၄)နှစ်**

စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း) ဝဏ္ဏကျော်ထင် ဦးသိန်းအောင်သည် ၂၃-၁၂-၂၀၂၂ (သောကြာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဝန်ထမ်းများ**
**စက်မှုဝန်ကြီးဌာန**

## ဝမ်းနည်းကြောင်း
## ဦးသိန်းအောင်
**(ဗိုလ်သင်တန်းအမှတ်စဉ်-၄၃)**
**ဒုတိယဝန်ကြီး(ငြိမ်း)၊ စက်မှုဝန်ကြီးဌာန**
**အသက်(၇၄)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ပုဂံလမ်း၊ အမှတ်(၃/၂၇၈)နေ ဒေါ်စန်းစန်းလွင်၏ ခင်ပွန်း ဗိုလ်သင်တန်းအမှတ်စဉ်(၄၃)မှ သူငယ်ချင်းဖြစ်သူ ဦးသိန်းအောင် (ဒုဝန်ကြီး-ငြိမ်း)သည် ၂၃-၁၂-၂၀၂၂ (သောကြာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်သင်တန်းအမှတ်စဉ်(၄၃)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

## ဒေါ်ခင်ဝ
**ကျုံမငေး /မြောင်းမြ**
**အသက်(၉၅)နှစ်**

ကျုံးမငေးမြို့နေ (ဦးရွှေခဲ-ဒေါ်လေးသင်)တို့၏သမီး၊ မြောင်းမြမြို့နေ (ဦးထွာဖန်-ဒေါ်မဲ)တို့၏ ချွေးမ၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ (သီလဝတီတိုက်ကျောင်းအမကြီး ဒေါ်သီလ)၏ တူမ၊ (ဒေါ်မြသိန်း)၏ညီမ၊ မြောင်းမြမြို့နေ ဦးခိုင်ကြုံး၏ ချစ်လှစွာသောသော ဇနီး၊ ဦးခင်ဇော်၊ ဦးအောင်ကျော်စိုး-ဒေါ်ရီရီမြင့်၊ ဦးမြင့်လွင်-ဒေါ်စိုးစိုးရီ တို့၏ ချစ်လှစွာသောမိခင်၊ မကြော့ကေခိုင်၊ ဒေါက်တာဖြူမြတ်မော်၊ မအိသဥ္ဇာမြင့်တို့၏ ချစ်လှစွာသော ဘွားဘွားသည် ၂၂-၁၂-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန် သူအားရည်စူး၍ ၂၈-၁၂-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ဘုန်းကြီးလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အေးသန်း(လှည်းဆိပ်)
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကကဌေ**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ (၁၀၈)လမ်း၊ အမှတ်(၃၇/က)၊ သုံးလွှာနေ (ဦးဘညွန့်တင်-ဒေါ်မိုး)တို့၏ သမီးထွေး၊ [ဦးအေးကို(မြို့နယ်ပညာရေးမှူး-ငြိမ်း)]၏ဇနီး၊ ဦးသန်းအောင် (Consulant, CHID Bank)-[ဒေါ်တင်ကြည်(အထပြ-ငြိမ်း)]၊ (ဒေါ်စန်းရီ) တို့၏ညီမ၊ ဦးမျိုးသန့် (ညွှန်ကြားရေးမှူး-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်ခင်စန္ဒာစိုး၊ (ဦးအောင်နိုင်)-ဒေါ်ဖြူဖြူလွင်၊ (ဒေါ်အေးအေးဝင်း)၊ ဒေါက်တာသန့်ဇင်-ဒေါ်မော်မော်အောင်(ခ)မီးငယ်တို့၏မိခင်၊ ဒေါ်ယုယုမွန်၊ ဦးကြည်ဇော်တို့၏အဒေါ်၊ မြေး ကိုးယောက်၊ မြစ် လေးယောက်တို့၏ဘွားဘွား ဒေါ်အေးသန်းသည် ၂၂-၁၂-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၀:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂:၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၂-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၃၀ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးရဲကိုကို
**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်-၇၉**
**အသက်(၆၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နေ (ဦးကိုလေး-ဒေါ်ခင်ခင်လှ)တို့၏ သား၊ (ဒေါ်မြမြဝင်း)၏ ခင်ပွန်း၊ ဒေါ်ခင်ထွဋ်ထွဋ်၊ ဒေါ်မာမာဇော်တို့၏ မောင်၊ အခန်း(၂-B)၊ အမှတ်(၂၈၅)၊ သီရိနန္ဒာ၊ (၂၉)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ကိုပြည့်မောင်-မရွှေစင်ကိုကို၊ ကိုဇော်မျိုးထွန်း-မဖြူစင်ကိုကို၊ ကိုသန့်စင်ကိုကိုတို့၏ ဖခင်၊ မောင်ခန့်မြတ်မောင်၊ မောင်အောင်ဘုန်းပြည့် တို့၏ချစ်လှစွာသောအဘိုးသည် ၂၃-၁၂-၂၀၂၂ (သောကြာနေ့) နံနက် ၉ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၁၂-၂၀၂၂ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဝဏ္ဏကျော်ထင် ဦးသိန်းအောင်
**ဒုတိယဝန်ကြီး(ငြိမ်း)၊ စက်မှုဝန်ကြီးဌာန**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဦးစောအောင်-(ဒေါ်လှရီ)တို့၏ သားသမက်၊ အမှတ်(၃/၂၇၈)၊ ပုဂံ(၂)လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်နေ ဒေါ်စန်းစန်းလွင် (စက်မှု-၁)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၃-၁၂-၂၀၂၂ (သောကြာနေ့)တွင် အမှတ်(၂) တပ်မတော်ဆေးရုံ၊ ခုတင်(၁၀၀၀) (နေပြည်တော်)၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၅-၁၂-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၁၀:၃၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၊ ခုတင်(၁၀၀၀)(နေပြည်တော်)မှ စစ်သင်္ချိုင်း(နေပြည်တော်)သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်။ [ကွယ်လွန်သူအားရည်စူး၍ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ ဒါတဗ္ဗဝတ္ထု အစုစုတို့ကို ဆက်ကပ်ပူဇော်ပြီး အမျှအတမ်းပေးဝေလိုပါသောကြောင့် ၂၉-၁၂-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဝဏ္ဏကျော်ထင် ဦးသိန်းအောင်
**ဒုတိယဝန်ကြီး(ငြိမ်း)၊ စက်မှုဝန်ကြီးဌာန**
**အသက်(၇၄)နှစ်**

ဝါးခယ်မမြို့နေ (ဦးလှတင်-ဒေါ်တင်ရွှေ)တို့၏သား၊ ဦးတင်အောင်၊ (ဦးသန်းအောင်) တို့၏ ညီ၊ ဒေါ်ဝင်းဝင်း၊ ဒေါ်ညိုမြ၊ ဒေါ်မေရီ၊ (ဦးတင်ထွေး)တို့၏ အစ်ကို၊ (ဒေါ်တင်တင်လှ)၊ ဒေါ်စန်းစန်းလွင်တို့၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကိုကိုမောင်-ဒေါ်သစ်သစ်အောင်၊ ဦးအောင်ဇော်မင်း-ဒေါ်ခိုင်ခိုင်ရှိန်၊ ဦးအောင်လင်းထွဋ်-ဒေါ်စောယုယုနွယ်တို့၏ ဖခင်ကြီး၊ မသီရိဝေ၊ မဆုလင်းထက်၊ မမေသစ္စာကို၊ မောင်သုတလင်းထွဋ်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၃-၁၂-၂၀၂၂ (သောကြာနေ့) နံနက် ၆ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် အမှတ်(၂) တပ်မတော်ဆေးရုံ၊ ခုတင်(၁၀၀၀)(နေပြည်တော်)၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၅-၁၂-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၁၀:၃၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ၊ ခုတင်(၁၀၀၀) (နေပြည်တော်)မှ စစ်သင်္ချိုင်း(နေပြည်တော်)သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်။ [ကွယ်လွန်သူအားရည်စူး၍ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်ပူဇော်ပြီး အမျှအတမ်းပေးဝေလိုပါသောကြောင့် ၂၉-၁၂-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၃/၂၇၈)၊ ပုဂံ(၂)လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းအောင် GSE(FESTO Myanmar)
**B.E(EP) (1972–78)**
**စက်မှုစီးပွားထူးချွန်(တတိယဆင့်)**
**ASEAN Engineer**
**အသက်(၇၁)နှစ်**

(ဦးမြသောင်း-ဒေါ်ခင်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၄၅)၊ ငါးလွှာ၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ခင်အေးကြူ၏ခင်ပွန်း၊ မကျော့ကေခိုင်အောင်၊ မမိုနီကာအောင်တို့၏ ဖခင်သည် ၂၃-၁၂-၂၀၂၂ (သောကြာနေ့) နံနက် ၃:၂၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၂-၂၀၂၂ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း
(MASK) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ရှေ့လုပ်ငန်းစဉ် (၅) ရပ်မှ အမှတ်စဉ်(၄)မှာလည်း တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း အလေးအနက်ထား လုပ်ဆောင်သွားမည်ဆိုတဲ့အချက်ကို အတိအလင်း ထည့်သွင်းထားပါတယ်။ နိုင်ငံရေးဦးတည်ချက်များလည်း ထည့်သွင်းထားပါတယ်။ ဒီလုပ်ဆောင်ချက်တွေကတစ်ဆင့် အမျိုးသားရေးလုပ်ငန်းစဉ်တွေ၊ နိုင်ငံရေးလုပ်ငန်းစဉ်တွေကို ပုံဖော်နိုင်မှာဖြစ်ပါတယ်။ ဒီလိုပုံဖော်နိုင်ဖို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ရှိကိုရှိရမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်၏ ကြယ်ကလေးများ၏အနာဂတ် တစ်ကိုယ်တော်သီဆိုဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၂၃

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်၏ကြယ်ကလေးများ၏အနာဂတ် တစ်ကိုယ်တော် သီဆိုဖျော်ဖြေပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သဘင်ဆောင်အတွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်၏ ကြယ်ကလေးများ၏အနာဂတ် တစ်ကိုယ်တော်သီဆိုဖျော်ဖြေမှုအား ကြည့်ရှုအားပေးစဉ်။

## ယနေ့ ဖတ်စရာ

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၂) ကျင်းပ**

စာမျက်နှာ » ၈

**ထိုင်းနိုင်ငံတောင်ပိုင်း၌ ရေကြီးရေလျှံမှုဖြစ်ပွား**

စာမျက်နှာ » ၁၃

**မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ တောင်သူများနှင့် တွေ့ဆုံနှီးနှောဖလှယ်ပွဲ တက်ရောက်လာသူများ၏ ရင်တွင်းစကားသံများ**

စာမျက်နှာ » ၁၈

**၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ**

စာမျက်နှာ » ၁၉

## ကာရာဘောင်ဖလား လက်ရှိချန်ပီယံ လီဗာပူးကို အနိုင်ရပြီး မန်စီးတီးအသင်း ကွာတားဖိုင်နယ်အဆင့် တက်လှမ်း

ကာရာဘောင်ဖလားပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့် နောက်ဆုံးပွဲစဉ်အဖြစ် ဒီဇင်ဘာ ၂၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်စီးတီးအသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်းက ကာရာဘောင်ဖလားလက်ရှိချန်ပီယံ လီဗာပူးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✻

## AFF Cup ပြိုင်ပွဲ အုပ်စုဒုတိယပွဲအဖြစ် စင်ကာပူနှင့် မြန်မာ ယနေ့ကစားမည်

နေပြည်တော် ဒီဇင်ဘာ ၂၃

၂၀၂၂ AFF Cup ပြိုင်ပွဲ အုပ်စု(ခ) ဒုတိယနေ့ကို ဒီဇင်ဘာ ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် စင်ကာပူအသင်းနှင့် အဝေးကွင်းပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု(ခ) ဒုတိယနေ့အဖြစ် မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် စင်ကာပူနိုင်ငံရှိ ဂျလန်ဘီဆာကွင်း၌ စင်ကာပူအသင်းနှင့် မြန်မာအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီကွင်း၌ မလေးရှားအသင်းနှင့် လာအိုအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ❖